


# သံသရာမှာအစမရှိ အဆုံးရှိသည်
# နိဗ္ဗာန်မှာ အစသာရှိသည်၊ အဆုံးမရှိ

၁၄၆

ကျေးဇူးတော်ရှင်မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ်(၂၈) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

0126

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# သံသရာမှာအစမရှိ အဆုံးရှိသည်
# နိဗ္ဗာန်မှာအစသာရှိသည် အဆုံးမရှိ

THITSAR [illegible] LIBRARY
Date ..........

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# သံသရာမှာအစမရှိ အဆုံးရှိသည်
# နိဗ္ဗာန်မှာ အစသာရှိသည် အဆုံးမရှိ

ဒါဖြင့် ခန္ဓာငါးပါး ရုပ်တရားဆိုတာတော့ သိသွားပြီ၊ နိဗ္ဗာန်တရားဆိုတာ ရှိသေးတယ်၊ သူကတော့ ဒကာ ဒကာမတို့ ပြောင်းပြန်, ပြန်ပြီးမှ မှတ်လိုက်တာပေါ့။ ဆင်းရဲမရှိ, အမြဲရှိ၏ . . . (မှန်ပါ့)။

## ခန္ဓာငါးပါးကတော့အမြဲမရှိ ဆင်းရဲရှိ၏

နိဗ္ဗာန်တော့ ဘယ်လိုမှတ်ကြမယ် . . . (ဆင်းရဲမရှိ, အမြဲရှိ၏ပါဘုရား) ခန္ဓာငါးပါး ရုပ်တရားကတော့ အမြဲမရှိ, ဆင်းရဲရှိ၏, ကိုစောမောင်, သေသေချာချာမှတ်နော် . . . (မှန်ပါ့)။

ခန္ဓာငါးပါး ရုပ်တရားကတော့ . . . (အမြဲမရှိ၊ ဆင်းရဲရှိ၏ပါဘုရား) အမြဲကလဲ မရှိပြန် ဆင်းရဲကလဲ ရှိနေပြန်တယ် ဆိုတော့ လိုချင်စရာ, ရချင်စရာ ဘာမှမပါဘူး . . . (မှန်ပါ့) ကိုစံလှ, ပါသေးရဲ့လား . . . (မပါ, ပါဘုရား)။

သူ့သဘောသာ စဉ်းစားကြည့်လေ . . . ခန္ဓာငါးပါး ရုပ်နာမ်တရားဆိုတာက အမြဲမရှိဘူး . . တဲ့၊ ဆင်းရဲသာ ရှိတယ် . . . တဲ့၊ ကိုစောမောင်, ဘယ်မှာလိုချင်စရာ ရချင်စရာ . . . (မရှိပါဘုရား)။

ဒါက ဝိပဿနာသမားများမှာ သြော် . . . ဒီလို သိနိုင်ပြီး သကာလ ထားဖို့ အရေးကြီးတယ်ဆိုတာ မောင်နိုင်, ပေါ်လာပြီ (ပေါ်လာပါပြီဘုရား)။

## နိဗ္ဗာန်ကတော့ ဆင်းရဲမရှိ၊ အမြဲရှိ၏

နိဗ္ဗာန်တရားကတော့ ဘယ်လိုပါလိမ့်မတုံး, ဆိုတော့ ပြောင်းပြန်လှည့်၊ ဆင်းရဲမရှိ, အမြဲရှိ၏. . . (မှန်ပါ့) ဆင်းရဲမရှိဘူး . . တဲ့၊ အမြဲလည်း ရှိနေတယ်ဆိုတော့၊ သြော်. . နိဗ္ဗာန်ကတော့ ဆင်းရဲမှုရှိ အမြဲရှိတာက ဆင်းရဲလဲမရှိဘူး၊အမြဲတမ်းလည်း ရှိနေတယ်၊ ဘယ်တော့မှ မပျက်ဘူး၊ ဒါကြောင့် "ခုဝနိဗ္ဗာန်, သုခနိဗ္ဗာန်, အမတနိဗ္ဗာန်" ဆိုတဲ့ဥစ္စာ မသေတဲ့ နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ ဆင်းရဲလည်းမရှိ, အမြဲရှိ

တဲ့ဆီသို့ ကျုပ်တို့ ဘုန်းကြီးများကလည်း အရောက်ပို့၊ ဒကာ ဒကာမတွေကလဲ အရောက်သွားမှသာလျှင် ဒီကိစ္စ ပြီးကြ မယ်ဆိုတာဖြင့် ရှင်းသွားပြီ. . . (ရှင်းပါပြီဘုရား)။

ရုပ်နာမ်တွေကတော့ ဘယ့်နှယ့်တုံး. . . (အမြဲမရှိ ဆင်းရဲပါတယ်) ဘယ်ရုပ်နာမ် ဆုတောင်းဆုတောင်း ခင်ဗျား တို့ဟာ အမြဲမရှိဘူး၊ လာမှာပဲ. . . (မှန်ပါ) ဆင်းရဲရှိတယ်ပဲ လာမှာပဲ (မှန်ပါ) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်ရုပ်နာမ် ဆုတောင်း ဆုတောင်း (အမြဲမရှိ၊ ဆင်းရဲတာ လာမှာပါဘုရား)။

အမြဲမရှိဘူး ဆင်းရဲတာရှိတယ်ဆိုတာ သိထားတော့ မှ ဩော် ရုပ်နာမ်များဟာ စက်ဆုပ်စရာ၊ မုန်းစရာ၊ ရွံစရာ၊ မလိုချင်စရာ ပါလားဆိုတာ ကိုစောမောင်၊ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

## ရုပ်နာမ်သဘောကို ဉာဏ်နဲ့ကြည့်ရင်

ဒါ့ကြောင့် ရှေ့ပိုင်းမှာ ဒီဥစ္စာကို ရှင်းရှင်းလင်းလင်း ပြောနေတယ်၊ ဒကာ ဒကာမတို့ ဂရုစိုက်ပါ။ ရုပ် နာမ်ဓမ္မ တို့၏ သဘောက ဘယ်လိုပါလိမ့်. . . (အမြဲမရှိ ဆင်းရဲပါ တယ်ဘုရား)

ဆင်းရဲတော့ ရှိတယ်၊ အမြဲမရှိဘူး. . . တဲ့ ဒကာ

ဒကာမတို့ ဘယ်တော့မှ မြဲတဲ့သဘောမရှိဘူး၊ ဘယ်ရုပ်နာမ်ရရ ခင်ဗျားတို့ ဉာဏ်နဲ့ကြည့်လည်း မမြဲဘူး၊ ဉာဏ်နဲ့ မကြည့်ဘူး၊ သညာနဲ့ပဲ ကြည့်ပါဦးမယ်ဆို. . . ဒီအိုနာသေပါတာပဲ၊ ဉာဏ်နဲ့ကြည့်လိုက်တော့လည်း ကိုစောမောင် ဖျပ်ဖျပ်နဲ့ လဲနေတာပဲ. . . (မှန်ပါ)။

## ရုပ်နာမ်သဘောကို သညာနဲ့ကြည့်ရင်

ဟာ. . . သညာနဲ့ပဲ အိုနာသေ ကြည့်လိုက်ဦးမယ် ဆိုတော့လည်း တော်တော်ကြာအို၊ တော်တော်ကြာနာ၊ တော်တော်ကြာသေနဲ့ ဒီလိုအမြဲရှိရဲ့လား. . . (မရှိပါဘုရား) အင်း. . . ဆင်းရဲတော့. . (ရှိပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့တကွ. . . တကယ့်အရိယာပေါင်း သူတော်ကောင်းတို့ကဖြင့် အမြဲမရှိ ဆင်းရဲတဲ့တရားကိုဖြင့် ဘယ်နည်းနဲ့မဆို စက်ဆုပ်ကြလိမ့်မယ်ဆိုတာ မောင်နိုင်တို့ မှတ်ရလိမ့်မယ်. . . (မှန်ပါ) မမှတ်ထိုက်ဘူးလား . . . (မှတ်ထိုက်ပါတယ်ဘုရား)။

အမြဲမရှိဆင်းရဲတာရှိတယ် ဆိုသဖြင့်လည်း ကိုစောမောင်ရေ. . . လိုချင်စရာ, ရချင်စရာတော့ဖြင့် မပါ,ပါဘူး. . . (မပါ,ပါဘုရား)။

## ရုပ်နာမ်တို့၏ပင်ကိုသဘော

သူ့ပင်ကိုသဘောကို ယနေ့ ရှင်းပြလိုက်ပါတယ် ဒကာ ဒကာမတို့. . . သူ့ပင်ကိုသဘောက နတ်ရုပ်နာမ် လိုချင်လိုချင်၊ ဗြဟ္မာရုပ်နာမ် လိုချင်လိုချင်၊ စကြဝတေး မန္ဓာတ်ရုပ်နာမ် လိုချင်လိုချင်၊ ဘာရမလည်းဆိုတာ မောင်နိုင် တို့တရားတစ်ပွဲလုံးက ဆုံးဖြတ်ချက်ချပါ. . . (အမြဲမရှိ ဆင်းရဲတာ ရပါမယ် ဘုရား)။

ဩော်. . ဒါတွေကိုမသိလို့ရှိရင်လည်း ကိုစောမောင်, ကိုစံလှတို့ လူတွေဟာ ထင်သလိုဖြစ်နေမှာပဲ. . .(မှန်ပါ့) အခု ဒီတစ်လုံးသိလိုက်ရင်ပဲ ဩော် . . . ရုပ်နာမ်ဓမ္မတို့၏ သဘောကတော့ ဘယ်ဘုံဖြစ်တဲ့ ရုပ်နာမ်ဖြစ်ဖြစ် အမြဲမရှိဘူး၊ ဆင်းရဲသာရှိတယ်ဆိုတော့, မောင်နိုင်, ရှင်းနေပြီ . . . (ရှင်းပါ ပြီဘုရား)။

ကဲ . . . နိဗ္ဗာန်ဘက် လှည့်လိုက်ပါဦး . . . တဲ့၊ နိဗ္ဗာန်ဆိုတဲ့ တရားကတော့ ဘာတုံး . . (ဆင်းရဲလည်း မရှိပါ, အမြဲပဲရှိတယ်) ဩော် . . . သူကတော့ ဆင်းရဲလည်း မရှိဘူး. . . တဲ့၊ အမြဲတမ်းလည်း ခိုင်ခံ့တည်တံ့မယ်ဆိုတော့ ဩော် . . . ဒီမရောက်သရွေ့ တို့စိတ်မအေးရသေးဘူးဆို တာရော ပေါ်သွားပြီ . . . (ပေါ်ပါပြီဘုရား) ကိုစောမောင် ကောင်းကောင်းပေါ်ပြီ . . . (ပေါ်ပါပြီဘုရား)။

ဒကာ ဒကာမတို့ သုံးခေါက်ပြည့်အောင်လည်း မှတ်ထားပါ ဒီဥစ္စာကလေးကို၊ ဒါကိုသိနှင့်တော့မှ အရောက် ခြေနဲ့ လှမ်းတော့ကို. . . မောင်နိုင်၊ သွက်လာတယ် (မှန်ပါ့) ဒီလိုမသိရင် ကိုပေါ်၊ သွက်ပါ့မလား . . . (မသွက်ပါဘုရား)။

မသွက်ဘူး . . . တဲ့၊ နိဗ္ဗာန်ကို မလိုချင်ကြဘူး၊ မရ ချင်ကြဘူး၊ ဖြည်းဖြည်းမှပဲ ယူတော့မလိုလို ဒီအသံတွေ ထွက်နေတာ၊ အခုပြောတဲ့ အချက်အလက် ကလေးတွေကို နားမလည်ဘဲ ဖြစ်နေတယ်. . . (မှန်ပါ့)။

ရုပ်နာမ်တို့၏ ပင်ကိုသဘောက ဘာပါလိမ့်. . . (အမြဲမရှိ ဆင်းရဲပါတယ်ဘုရား) ကိုင်း . . . မောင်နိုင်၊ ဘယ် ရုပ်နာမ်များရချင်သတုံး. . . (ဘယ်ရုပ်နာမ်မှ မရချင်ပါ ဘုရား) အမြဲကလည်းမရှိဘူးတဲ့. . . ၊ ဆင်းရဲကလည်း . . . (ရှိပါတယ်ဘုရား)။

အမြဲမရှိ ဆင်းရဲရှိတဲ့တရားဆိုတော့ ကိုစောမောင်၊ စုံကန်ပြေးဖို့ရာပဲ ကောင်းတယ် . . . (မှန်ပါ့) မကောင်း ကြဘူးလား . . . (ကောင်းပါတယ်ဘုရား)။

## နိဗ္ဗာန်ကိုဘုရားက ဘယ်လိုပြောပါလိမ့်

ကိုင်း . . . နိဗ္ဗာန်တနေပြီး စဉ်းစားလိုက်တဲ့ အခါကျ တော့ နိဗ္ဗာန်ကို ဘုရားကဘယ်လိုပြောပါလိမ့် . . . (ဆင်းရဲ မရှိ အမြဲရှိပါတယ်ဘုရား)။

ဆင်းရဲမရှိ အမြဲရှိ၏ဆိုတော့ သုခနိဗ္ဗာန်ဆို ကတည်းက ဆင်းရဲရှိသေးရဲ့လား . . . (မရှိပါဘုရား) ဓုဝနိဗ္ဗာန်ဆိုတော့ မြဲတယ်လို့ပြောမထားဘူးလား . . . (ပြောထားပါတယ်ဘုရား)။

ဪ . . . ဒါဖြင့် ဒကာ ဒကာမတို့ မျက်စိမလည် ကြနဲ့တော့ဆိုတာကို တောင်းပန်ပါတယ် . . . (မှန်ပါ့) မျက်စိမလည်ကြပါနဲ့တော့ဆိုတာကို တောင်းပန်ပါတယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘယ်ရုပ်နာမ်ကောင်းလိမ့်မယ်လို့ဆိုတာဖြင့် နတ် ခန္ဓာ ငါးပါး ရုပ်နာမ်တရားရရင် ကောင်းမလား၊ ဗြဟ္မာခန္ဓာ ရုပ်နာမ်တရားရရင် ကောင်းမလားဆိုတာ၊ ဪ . . . ဒီဥစ္စာသည်ကား. လို့ဆိုရင်ဖြင့် အဝိဇ္ဇာမျက်လုံး တပ်ထားတဲ့ ပုဂ္ဂိုလ်က မမြင်တဲ့ပုဂ္ဂိုလ်၏ ထင်လုံးပါလား ဆိုတာ ကိုစောမောင်, ဒီအတိုင်းဖြစ်တယ်. . . (မှန်ပါ့) အမှန် မသိတဲ့ ပုဂ္ဂိုလ်၏ ထင်ချက်နဲ့ပြောနေတာပါလားဆိုတာ မသေချာ ဘူးလား . . . (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ရုပ်နာမ်ဓမ္မ၏ ပင်ကို သဘောက ဘာတဲ့ . . . (အမြဲမရှိ ဆင်းရဲပါတယ်ဘုရား) နိဗ္ဗာန်၏ သဘောကတော့ . . . (ဆင်းရဲမရှိ အမြဲရှိပါတယ် ဘုရား)။

## ချမ်းသာရှိပြီးမြဲတယ်

ဆင်းရဲကတော့မရှိဘူး. . . တဲ့၊ အမြဲကတော့ ရှိတယ် ဆိုတော့ ဆင်းရဲမရှိဆိုကတည်းက သူချမ်းသာရှိပြီ. . (မှန်ပါ့) ရုပ်နာမ်ဓမ္မတွေလို မမြဲတဲ့တရားလားဆိုတော့ မြဲတဲ့တရားတဲ့၊ ဘယ်သူဖျက်လို့ ဘယ်သူပျက်လို့မှ မရခြင်းကြောင့်လည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အသင်္ခတာဓမ္မာ . . . တဲ့၊ အသင်္ခတာ ဓမ္မာဆိုတာ ဘယ်သူမှ ဘယ်သူမှ ပြုပြင်ထားတာ မဟုတ်သောကြောင့် မြဲနေတယ် . . . တဲ့၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) ကဲ ကျေနပ်ပလား ဒကာ ဒကာမ တို့ . . . (ကျေနပ်ပါပြီဘုရား)။

ဩော် . . . ရှေ့ပိုင်းမှာ ဒီအရေးကလေးနှစ်ခုကို မသိသေးလို့ရှိရင်၊ ရုပ်နာမ်တွေကို ဒကာ ဒကာမတွေက ဒီ, ရုပ်နာမ်သာ မကောင်းတာ၊ ဟို ရုပ်နာမ်ကောင်းတယ်လို့ ကိုစောမောင်တို့က ဝေဖန်ချင်ဝေဖန်ဦးမှာ . . (မှန်ပါ့ဘုရား) မဝေဖန်ပေဘူးလား . . . (ဝေဖန်ပါတယ်ဘုရား)။

ကိုစောမောင်ဟုတ်မလား . . . (ဟုတ်ပါတယ် ဘုရား) ရုပ်နာမ်၏ ဘာသဘောပါလိမ့် . . . (နိယာမ သဘောပါဘုရား) နိယာမဆိုတာ အမြဲတမ်းသဘောနော်. . . (မှန်ပါ့)။

ကဲ . . . ဒါဖြင့် နိဗ္ဗာန်၏ သဘောကလေး ပြောကြပါဦး . . . (ဆင်းရဲမရှိ အမြဲရှိပါတယ်ဘုရား)။

ကိုင်း . . . ဒကာ ဒကာမတို့ နိဗ္ဗာန်အရောက်သွားကြပေတော့ (မှန်ပါ့) ဆင်းရဲမရှိ၊ အမြဲရှိတယ် ဘယ်တော့မှ သူ့ မရွှေ့ရတော့ဘူး မပြောင်းရတော့ဘူး . . . (မှန်ပါ့) ကိုစောမောင် အထုပ်ပြင်စရာပါသေးသလား . . . (မပါ၊ ပါဘုရား)။

ဘယ်နေရာသွားမှ စီးပွားရေးဖြောင့်မယ်ဆိုပြီး ဒီနေရာက ဟိုနေရာ အထုပ်ပြင်ရတဲ့ အလုပ်တွေရော ရှိသေးသလား . . . (မရှိပါဘုရား) လူ့ပြည်၊ နတ်ပြည်ကတော့ ကိုစောမောင်ရေ . . . အထုပ်ပြင်ရတာနဲ့ကို မအားဘူး . . (မှန်ပ့ါ)။

အဲဒါ ဘာတုံးဆိုလို့ရှိရင်ဖြင့် ရုပ်ဓမ္မတွေဖြစ်နေတော့ အမြဲမရှိ ဆင်းရဲတာရှိနေတော့ သူ့ဆင်းရဲက ကိုယ့်ပေါ် ရောက်လာတယ်. . . (မှန်ပ့ါဘုရား) မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ ရုပ်နာမ်၏ ပင်ကိုသဘောက ဘာပါလိမ့် . . . (အမြဲမရှိ၊ ဆင်းရဲသာရှိပါတယ်ဘုရား) နိဗ္ဗာန်၏ ပင်ကိုသဘောက . . . (ဆင်းရဲမရှိ ချမ်းသာရှိပါတယ်ဘုရား) ဒီလိုမှတ်ထားပါ . . . (မှန်ပ့ါ)။

## မသေလို့ကြားရတာမှတ်ပါ

ဒကာကြီးလှိုင်ရေ . . . မသေလို့ ကြားရတယ်လို့ မှတ်ပေတော့ . . . (မှန်ပါ့ဘုရား) မသေလို့ ကြားရတာဗျ၊ သေလို့ရှိရင် ကြားကို ကြားစရာရှိပါ့မလား. . (မရှိပါဘုရား)။

ဒီဥစ္စာနဲ့ပဲ ကျုပ်တို့ တရားရည်ဝပြီးသား ပုဂ္ဂိုလ်တွေကတော့ အင်း . . . ဒါကြောင့် ဘုရားအလောင်း သူတော်ကောင်း အရိယာပေါင်း သူတော်ကောင်းတို့ဟာ ဒီရုပ်နာမ်ကို နိဗ္ဗိန္ဒဉာဏ်နဲ့ ရုပ်နာမ်မလိုချင်တဲ့ ဉာဏ်ရဖို့ အရေးတကြီး အားထုတ်နေကြတာဟာ ဒါ့ကြောင့်ကိုး . . . လို့ ဆိုတာ မောင်နိုင်, ပေါ်လာတယ် . . . (ပေါ်လာပါတယ် ဘုရား) ကိုစံလှ, ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

အဲဒီတော့ကို ဒကာ ဒကာမတို့ အင်မတန် ရှင်းသွားပါပြီတဲ့ ဒီစကားနှစ်လုံးနဲ့နော် . . . (မှန်ပါ့) ကိုစောမောင်, မရှင်းသေးဘူးလား . . . (ရှင်းပါပြီဘုရား)။

ရှင်းပြီ . . . တဲ့၊ ဒါဖြင့် ဘယ်နေရာအရောက်သွားပြီး သကာလ ကျုပ်တို့နေဖို့ သင့်ပါလိမ့်မလဲဆိုတာ မေးနေဖို့ တောင်မလိုတော့ဘူး (မှန်ပါ့)။

## ရုပ်နာမ်နဲ့နိဗ္ဗာန်ထူးခြားပုံ

ဆင်းရဲမရှိ၊ အမြဲရှိတဲ့နေရာကို သွားကြဖို့ ရောက်ကြဖို့ အချိန်ဖြင့် ရောက်ပြီဆိုတာ လမ်းပြကောင်းနဲ့လည်း တွေ့နေတာပဲဆိုတဲ့ ဥစ္စာ မောင်နိုင် သေချာပြီ . . . (သေချာပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့ ဒါက ရုပ်နာမ်နဲ့ နိဗ္ဗာန်ထူးခြားပုံ ပြောလိုက်တာ . . . (မှန်ပါ့)။

ဘာပြောတာပါလိမ့် . . . (ရုပ်နာမ်နဲ့ နိဗ္ဗာန်ထူးပုံ ပြောတာပါဘုရား) အားကြီး မထူးခြားဘူးလား . . . (ထူးခြားပါတယ်ဘုရား)။

## ဘုရားက ငါ့အတွက် နိဗ္ဗာန်ဟာပြီးနေပြီ

ထူးခြားတယ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ။ ရုပ်နာမ်နဲ့ နိဗ္ဗာန်ဟာ ဒီမျှလောက်ပဲ ကွာခြားကြတယ် ဆိုတဲ့ဥစ္စာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါ့အတွက်ကတော့ဖြင့် နိဗ္ဗာန်ဆိုတဲ့ဥစ္စာ အခုပရိနိဗ္ဗာန်မစံခင်က မြင်ထားတဲ့အတွက် ငါ့အတွက်ကတော့ နိဗ္ဗာန်ဟာ ပြီးနေပြီကွာ . . . တဲ့၊ မင်းတို့ မမေ့ရစ်ကြနဲ့ . . . တဲ့။

ကိုစောမောင်၊ ငါ့အတွက်ကတော့ နိဗ္ဗာန်ပြီးနေပြီလို့ မှတ်လိုက်ပါတဲ့၊ "အပ္ပမတ္တာ သတိမန္တော သုသီလာ ဟောထ

ဘိက္ခဝေ" အစရှိသည်နှင့် သေသေချာချာဟောတယ် . . . (မှန်ပါ့)။

မေ = ငါဘုရား၏၊ သရဏံ = ရောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို၊ ကတံ = ငါ ပြုလုပ်ပြီးပါပြီကွာ . . . တဲ့၊ ငါ့နေရာ ဌာနကြီးကတော့ဖြင့် အမြဲရှိပြီးသကာလနေတဲ့ ချမ်းလည်း ချမ်းသာတယ်၊ မြဲလည်း မြဲတဲ့ နိဗ္ဗာန်ကြီးကတော့ ငါ့မှာ သေချာနေပြီ၊ မင်းတို့သတိမမေ့ရစ်ကြနဲ့ . . . တဲ့၊ ငါတော့ဖြင့် ဆောက်လုပ်ပြီးပြီလို့ သူ့အမိပ္ပါယ်ကရတယ် . . . (မှန်ပါ့)။

## မင်းတို့သာသတိမမေ့ရစ်ကြနဲ့တဲ့

"ကတံ မေ သရဏံ အတ္တနော" အတ္တနော = မိမိ၏၊ သရဏံ = ကိုးကွယ်ရာ ပုန်းအောင်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီးကို (ဝါ) အမြဲရှိပြီး ဆင်းရဲမရှိတဲ့ နိဗ္ဗာန်ကြီးကို၊ ကတံ= ငါတော့ဖြင့် ပြုလုပ်ပြီးပြီကွာတဲ့၊ မင်းတို့သာ မမေ့ရစ်ကြနဲ့၊ သတိပညာနဲ့ နေရစ်လို့ ကျန်တဲ့ ပုဂ္ဂိုလ်တွေကို မမှာဘူးလား . . . (မှာပါတယ်ဘုရား) သူ့အတွက်ကတော့ဖြင့် ဆင်းရဲမရှိ အမြဲရှိတဲ့ နိဗ္ဗာန်ကြီးကို ပြုလုပ်ပြီးပါပြီကွာလို့ သေသေချာချာပြောတာ . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဩော် . . . တို့သည် ကားလို့ဆိုရင် မျက်စိလည်ဖို့ တစ်ချက်ကိုဖြင့် ယနေ့ အကုန်ဖျက်ပေ့ါ ဆိုတဲ့ဥစ္စာ ပေါ်သွားပြီ . . . (ပေါ်သွားပါပြီ ဘုရား) အမြဲမရှိဆင်းရဲရှိတဲ့နေရာထဲ မျက်စိလည်မနေပါနဲ့ . . . (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

အမြဲလည်းမရှိဘူး၊ ဆင်းရဲတွေနဲ့ချည်းနေရတဲ့ ဆင်းရဲ ချမ်းသာရှိနေတဲ့ ဘယ်ရုပ်နာမ် ကောင်းနိုးနိုးဆိုတဲ့ မျက်စိ လည်လုံးကိုဖြင့် ယနေ့ဖျောက်ပါ . . . (မှန်ပါ့ဘုရား) မဖျောက်သင့်ဘူးလား . . . (ဖျောက်သင့်ပါတယ်ဘုရား)။

## နိဗ္ဗာန်ကိုသာအရောက်သွားပါ

ဆင်းရဲမရှိ အမြဲရှိတဲ့ နိဗ္ဗာန်ကိုသာလျှင် ဒကာ ဒကာမတွေ မရောက်, ရောက်ကြောင်းသိပြီးသကာလ သွားဖို့ပါပဲ . . . (မှန်ပါ့) မဆိုနိုင်ကြဘူးလား . . . (ဆိုနိုင်ပါတယ် ဘုရား) ကောင်းကောင်းရှင်းသွားပလား. . . (ရှင်းပါပြီဘုရား)

ဒါဖြင့် ဒီဥစ္စာ မမေ့စေနဲ့၊ ကိုစောမောင် မေ့လို့တော် ပါ့မလား (မတော်ပါဘုရား) ကိုယ့်စိတ်ထဲက ဟို, ဘုံဘဝတွေ ညွတ်တိုင်း ညွတ်တိုင်း မင်းဟာ မိုက်လှချည်လား၊ ကိုယ့်ကိုယ် ကို ဆုံးမရမယ် (မှန်ပါ့)။

အမြဲမရှိဆင်းရဲသာရှိပါတယ်ဆိုတာ မင်းက ဘာဖြစ် လာတာတုံးလို့ ကိုယ့်ကိုယ်ကိုဆုံးမရမယ် . . (မှန်ပါ့) မဆုံးမ ထိုက်ဘူးလား . . . (ဆုံးမထိုက်ပါတယ်ဘုရား)။

## ဘုရားရှိခိုးထဲ ထည့်မယ်ကြံရင် အော်ထုတ်ပါ

လူရုပ်နာမ်၊ နတ်ရုပ်နာမ်၊ ဗြဟ္မာရုပ်နာမ်၊ စကြ ဝတေးမန္ဓာတ်ရုပ်နာမ်တွေ စိတ်ထဲကများ ညွှတ်တဲ့အခါ ကျတော့ အင်း . . . ဘုရားက ဟောထားလို့ ဘုန်းကြီးက လည်း ပြောထားပြီ၊ ရုပ်နာမ်ဆိုတာ ဘာရုပ်နာမ်ရရ အမြဲမရှိ ဆင်းရဲသာ ရှိပါတယ်ဆိုတာ မင်းက ဘာဗွေဖောက်တာတုံး . . . လို့၊ ဘုရားရှိခိုးတဲ့ အခါမှာ လူချမ်းသာ၊ နတ်ချမ်းသာ ထည့်မယ်ကြံရင် ဒါနဲ့ အော်ထုတ်ပါ (မှန်ပါ့)။

ကိုပေါ်၊ အော်ထုတ်ရမယ်နော်၊ မထုတ်ရင် တော်ပါ့ မလား (မတော်ပါဘုရား)။

ကြပ်ကြပ်စဉ်းစားပါ ဒကာ ဒကာမတွေ . . . ဒီစကားဟာ သေးသေးသိမ်သိမ်လို့ ကိုစောမောင်၊ မယူနဲ့နော် . . . (မှန်ပါ့) အဝိဇ္ဇာဖုံးတဲ့အခါမှာ အခုပြောတဲ့ဥစ္စာ မလာ ဘူးဗျ . . . (မှန်ပါ့ဘုရား)။

အမြဲမရှိ ဆင်းရဲသာရှိတဲ့ ရုပ်နာမ် ဓမ္မ၊ ဆိုတဲ့ဥစ္စာ မသိလို့ တောင်းတာ . . . (မှန်ပါ့) မောင်နိုင်၊ တောင်းတဲ့ ပုဂ္ဂိုလ်တွေ ရိပ်မိပလား . . . (ရိပ်မိပါတယ်ဘုရား)။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်လိုချင် ရချင်တဲ့ပုဂ္ဂိုလ်ဟာ ဘာမသိတာတုံးဆိုတော့၊ အခုရုပ်နာမ် ဓမ္မတို့၏ ပင်ကိုသဘောဖြစ်တဲ့ အမြဲမရှိ ဆင်းရဲရှိတဲ့ သဘောကို သူမသိဘူး . . . (မှန်ပါ့) မသိလို့ ဝေဒနာ ဖောက်ကြတာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ကိလေသာအရှုံးထတာ

ဒါဖြင့် ဖောက်ကောင်း မဖောက်ကောင်း . . . (မဖောက်ကောင်းပါဘုရား) ဖောက်ရင် ပင်ကိုသိတာလား၊ အရှုံးစိတ်ထတာလား၊ အရှုံးစိတ်ထတာပါ၊ ကိလေသာ အရှုံးထတာလို့မှတ်ပါ . . . (မှန်ပါ့)။

ကိုစံလှ ဘယ်လိုမှတ်မလဲ . . . (ကိလေသာရှုံးထတာပါ)။

အဲဒီတော့ ခင်ဗျားတို့ ကိလေသာရှုံးတွေကို ဘုန်းကြီးက နာအောင်ပဲ တော်တော်ပြောခဲ့တယ်၊ ဒီပြင် နေရာ သွားရှုံးချင်ရှုံးပါ ဘုရားရှေ့ကန်တော့ပွဲနဲ့ မရှုံးနဲ့ပော့ . . . ကိလေသာရှုံးကိုဗျ . . . (မှန်ပါ့)။

ကိုစောမောင်၊ ဒီဆုတောင်းတယ်ဆိုတဲ့ အချိန်ဟာ ဆွမ်းတော်ပွဲ၊ ကွမ်းတော်ပွဲနဲ့ တော်တော်အရေးပါ အရာရောက်တဲ့နေ့မှ သူဝင်လာတာ . . . (မှန်ပါ့)။

ကိုစံလှရေ . . . ဒီပြင်နေ့ သူမလာဘူးနော် . . . (မှန်ပ့ါ) ကိုယ့်ဟာကိုယ် တစ်ယောက်တည်း ထမင်းစားရင်းနဲ့ ဆုမတောင်းပါဘူး (မှန်ပ့ါ) ဘုရားရှေ့ကျမှ ဒီစိတ်ပေါ်လာတာ . . . (မှန်ပ့ါဘုရား)။

ဘဝကိုဆုတောင်းတာသည် ဘဝသမ္ဗတ္တိ တောင်းတာ့သည် တဏှာပဲ၊ တဏှာသည်ကား . . လို့ဆို ရင် ရာဂုမ္ဗတ္တကလို့ ခေါ်တယ် . . . (မှန်ပ့ါ)။

ရာဂုမ္ဗတ္တက ရာဂက တပ်စွဲတာ၊ ဉမ္ဗတ္တက,က အရှူး၊ ဟိုဘုံဘဝ ဒီဘုံဘဝတပ်စွဲပြီး သကာလ တပ်နှစ်သက် စွဲနေတဲ့ ဉစ္စာ ရာဂုမ္ဗတ္တက လို့ခေါ်တယ် (မှန်ပ့ါ) သံဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီ ရာဂုမ္ဗတ္တက ဆိုတဲ့ဉစ္စာ ဒကာ ဒကာမတို့ . . . ဘယ်အချိန်များ လာလိုက်ပါလိမ့်မတုံး . . . ဆိုလို့ရှိရင်ဖြင့် ဆီမီးဖယောင်းတိုင်နဲ့ ဆွမ်းတော်ပွဲကပ်မှ ကိုစောမောင်, သူကလာတာဗျ (မှန်ပ့ါ) ဒီ့ပြင်အချိန်များတော့ သူလာခဲတယ် ဆိုကြပ့ါစို့ . . . (မှန်ပ့ါ)။

## နိဗ္ဗာန်ချန်ပြီး၊ ဆုတောင်းတယ်

ဆုကလေးတော့ တောင်းလိုက်ဦးမှဆိုပြီး နိဗ္ဗာန်ချန်ပြီးသကာလ မောင်နိုင်ရေ . . . ရာဂုမ္ဗတ္တက က ဟိုဘဝ

ဒီဘဝတွေ မတောင်းဘူးလား . . . (တောင်းပါတယ်ဘုရား)။

အဲဒ့ါကြည့်စမ်း အမြဲမရှိဆင်းရဲရှိတဲ့တရားကို တောင်းတာ . . . (မှန်ပ့ါ) ကိုစံလှပဲ ဉာဏ်နဲ့ချိန်ကြည့် တောင်းကောင်း မတောင်းကောင်း . . . (မတောင်း ကောင်းပါဘုရား)။

ဘာ့ကြောင့်တုံး . . (အမြဲမရှိ ဆင်းရဲရှိလို့ပါ) အမြဲမရှိဘူးဆိုတော့ တောင်းယူစရာပါသေးသလား . . . (မပါ, ပါဘုရား) ဆင်းရဲသာရှိတယ်ဆိုတော့ရော . . . (တောင်းယူစရာ မပါ, ပါဘုရား) ။

အဲဒါကိုပင်လျှင် ဒကာ ဒကာမတွေက ရာဂုမ္မတ္တက ဖြစ်တဲ့ ပုဂ္ဂိုလ်များက အရှူးထပြီးသကာလ ကိုစောမောင်, ဒါတွေလုပ်ချင်စာပဟာ နိဗ္ဗာန်၏ ပင်ကိုသဘော သစ္စာဆိုက် အောင် မသိလို့ (မှန်ပ့ါ) အမြဲမရှိဆိုတော့ ဒုက္ခသစ္စာပဲ . . . (မှန်ပ့ါ) ဆင်းရဲသာရှိတယ်ဆိုတော့ . . . (ဒုက္ခသစ္စာပါဘုရား)။

ကောင်းပြီ၊ မမြဲတာက ဒုက္ခသစ္စာ၊ ဆင်းရဲတာကရော . . . (ဒုက္ခသစ္စာပါ) ကိုစောမောင် သူဘာတောင်းယူတာတုံး . . . (ဒုက္ခသစ္စာတောင်း ယူတာပါဘုရား)။

အတော်ကို အပြောအဆိုခက်တဲ့ ဒကာ ဒကာမတွေပဲလို့ ကိုစောမောင် ဆိုလို့ရှိရင်လဲ ခင်ဗျားတို့ ခံရတော့

မယ်. . . (မှန်ပါ့)။ တပ်နှစ်သက်တဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ. . . (မှန်ပါ့) နိဗ္ဗာန်ဆိုတော့ သူမသိလို့ပေါ့ဗျာ. . . ဆင်းရဲမရှိ အမြဲရှိတယ်ဆိုတာ သူမသိဘူးဆိုတဲ့ အဓိပ္ပာယ်ရော မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတွေ ရှေ့ပိုင်းမှာ တော်တော်ကလေးရှင်းပလား. . . (ရှင်းပါပြီဘုရား) ရှင်းလို့ရှိရင် တစ်ခုပေးမလို့. . . (မှန်ပါ့) ခုဘာမေးရမတုံးဆိုတော့ သံသရာပြောဦးမယ်. . . (မှန်ပါ့)။

## သံသရာဆိုတာ

သံသရာဆိုတာက ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်လည်ရာ သံသရာလို့ မဆိုဘူးလား. . . (ဆိုပါတယ်ဘုရား) ဒီခန္ဓာကိုယ်ကြီး မပြတ်လည်နေတာဟာ ဘာခေါ်ကြမယ် . . . (သံသရာပါဘုရား)။

သံသရာကျတော့ ဒကာ ဒကာမတို့ အစမရှိဘူးတဲ့၊ အဆုံးရှိတယ်. . . (မှန်ပါ့) သံသရာကျတော့ ဘာတဲ့ . . . (အစမရှိပါ အဆုံးရှိပါတယ်) ကိုစောမောင် ဒါကို သံသရာလို့ ခေါ်တယ်နော်. . . (မှန်ပါ့)။

ကျုပ်တို့၏အစ, ကျုပ်တို့ဘယ်ကစ, ဖြစ်တယ်လို့ ဘယ်ဘဝ ဘယ်ဘဝလို့ အစများ ရှာတွေ့နိုင်ရဲ့လား. . . (မတွေ့နိုင်ပါဘုရား)။

ဒါဖြင့် သံသရာဖြင့် ကျုပ်တို့ အိုခဲ့, နာခဲ့, သေခဲ့ရတာ အစ,မရှိဘူး. . . တဲ့၊ ကြာလွန်းလို့ ကိုစံလှရေ. . . (မှန်ပါ့) ကြာလွန်းလို့ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား) အဆုံးတော့ (ရှိပါတယ်ဘုရား)။

## သံသရာမှာ အစမရှိ အဆုံးရှိ၏

အဆုံးတော့ ရှိတယ်. . . တဲ့၊ သံသရာမှာ အစသာ မရှိတာ၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ဗုဗ္ဗကောဋိ ယ ပညာယတိ။ ဘိက္ခဝေ= ငါ၏ချစ်သား တပည့်များတို့၊ အယံသံသာရော = ပဋိသန္ဓေ အိုသေ, နာရေး, သေးရန်အတန်တန် ရန်အဝဝ ဒုက္ခစက်သွား ရဟတ်ချားသို့ မရပ်မနား အမြဲလှည့်လည်နေ တဲ့ သံသရာကြီးသည်၊ အနမတဂ္ဂေါ = မသိအပ်သော အစရှိ၏၊ မောင်နိုင်တို့ အစမသိအပ်ဘူး . . . တဲ့၊ သဘော ကျပလား (ကျပါပြီဘုရား)။

## နိဗ္ဗာန်ရောက်ရင်ဆုံးပါတယ်

သံသရာမှာ ဒါ့ကြောင့်အစမရှိဘူး၊ အဆုံးတော့ဖြင့် နိဗ္ဗာန်ရောက်ရင် ဘာတုံး . . (ဆုံးပါတယ်ဘုရား) ဒါဖြင့်

သံသရာဘယ်လိုမှတ်ကြမယ် (အစမရှိအဆုံးသာရှိပါတယ်) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဪ . . . သံသရာကတော့ အစမရှိဘူး၊ အဆုံးရှိတယ်ဆိုတော့ အင်း . . . သံသရာ့အစ တို့ဒုက္ခတွေ ဘယ်တုံးက စ,ခဲ့ပါလိမ့်မလဲဆိုတဲ့ဥစ္စာကို ရှာစရာ, မှန်းစရာ ဘယ်လောက်ကောင်းတယ်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ တော်တော်ကြီးပေါ်ပေါ်လွင်လွင်ဖြစ်သွားပါပြီ. . . (မှန်ပါ့)။

ဘယ်လောက်ထိအောင် သေခဲ့တယ်ဆိုတာ ငါ မတွေးနိုင်တော့ဘူးကွာ. . တဲ့၊ အစ, မရှိဘူးတဲ့၊ ဘယ်တုန်းက စပြီး မင်းတို့သေခဲ့တယ်၊ ဘယ်တုံးက ပဋိသန္ဓေနေခဲ့တယ်၊ ဘယ်တုန်းက မင်းတို့သည်ကား . . . လို့ဆိုလို့ရှိရင်ဖြင့် ချမ်းသာ တစ်ကွက်မှမတွေ့ခဲ့ဘူးဆိုတဲ့ဥစ္စာကို ရှာလိုက်တဲ့ဖြစ် ခြင်း အစကိုရှာမတွေ့ဘူး၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီ ဘုရား)။

ဒါ့ကြောင့် သံသရာအစ ဘယ်လိုမှတ်ကြမယ်. . . (အစရှာမတွေ့ပါ, အဆုံးသာရှိပါတယ်ဘုရား) အဲ. . . အစ တော့ မရှိဘူးတဲ့၊ ဆုံးချင်လို့ရှိရင်လဲ သစ္စာမြင်အောင် လုပ် လိုက်ရင် ဆုံးသွားတာပဲ . . . (မှန်ပါ့)။

သစ္စာမြင်အောင် လုပ်လိုက်ရတော့ ခုနင်က အစမရှိ တဲ့ဥစ္စာကြီးဟာ ကျုပ်တို့ ဒုက္ခအစ မရှိတာကြီးဟာ ဒကာ

ဒကာမတို့ သေသေချာချာပြောတော့ ဒုက္ခက အစမရှိဘူး ပြောတာ . . . (မှန်ပါ့)။

ဦးဘကလေး ရိပ်မိပြီ . . . (ရိပ်မိပါပြီဘုရား) ဘယ်လောက်ကြာပြီတုံးဗျာ . . . (ကြာပါပြီဘုရား) ကြာလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အစ,ရှာမတွေ့ဘူးဆိုတာ သဘောကျပလား (ကျပါပြီဘုရား) အဆုံးတော့. . . (ရှိပါတယ်ဘုရား) အဲ. . . သစ္စာသိတဲ့နေ့ကျတော့ ဆုံးတယ်. . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

## သစ္စာသိတဲ့နေ့ဆုံးပါတယ်

ဘယ်နေ့ကျတော့တုံး. . . (သစ္စာသိတဲ့နေ့ပါဘုရား) သစ္စာသိတဲ့နေ့ကျတော့ ဆုံးပြန်တယ်ဆိုတော့ ခုနင်က ရှေ့ပိုင်းဟောခဲ့တာဟာ သစ္စာပြောခဲ့တာပဲ . . . (မှန်ပါ့)။

ကဲ ဒကာ ဒကာမတို့ သံသရာတော့ဘာတဲ့. . . (အစမရှိပါဘုရား) အစတော့, မရှိဘူးတဲ့နော်၊ အဆုံးရှိတယ်ဆိုတာလဲ လူတိုင်းအတွက်လို့ မောင်နိုင်က မယူနဲ့ဦး. . . (မှန်ပါ့ဘုရား) ကိုစောမောင် လူတိုင်းအတွက်လို့ မယူနဲ့နော် (မှန်ပါ့ဘုရား) ဆရာကောင်း, သမားကောင်းတွေ့ပြီး သစ္စာမြင်တဲ့ပုဂ္ဂိုလ်မှာ. . . (အဆုံးရှိပါတယ်ဘုရား)။

## ဆရာကောင်းက ပြမှသစ္စာသိမှာ

ဆရာကောင်း, သမားကောင်းဆိုတာလဲသစ္စာကို ညွှန်ပြတဲ့ ဆရာကောင်း, သမားကောင်း. . . (မှန်ပါ့)။

အဲဒီလို ဆရာကောင်း, သမားကောင်းကပြလို့ တပည့်ကောင်းကလဲ လုပ်လိုက်လို့ရှိရင်ဖြင့် အဆုံးရှိသွားတယ် . . . (မှန်ပါ့)။ မောင်နိုင်ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ဒကာဒကာမတွေ သံသရာခရီးသည်ဖြစ်နေရမှာများ ကိုစောမောင် ကြောက်စရာကြီးပါလား (ကြောက်စရာကြီးပါဘုရား)။

သံသရာ့ခရီးသည်ဖြစ်ရမှာ ဘာတဲ့ . . . (ကြောက်စရာကြီးပါဘုရား) ကြောက်စရာကြီး၊ အခုတော့ဖြင့် ဘုန်းကြီးဆီမှာ တရားမေ့တွေ နာနိုင်ကြသေးတယ်၊ တော်တော်ကြာမနာနိုင်တဲ့အခြေအနေ၊ သံသရာ့ခရီးသည်မို့ အိုလမ်းရောက်တဲ့အခါ၊ နာလမ်းရောက်တဲ့အခါ၊ သေလမ်းရောက်တဲ့အခါကျတော့ သံသရာခရီးသည်လမ်းအတိုင်း သွားနေတဲ့အခါကျတော့ ဘယ်မှာသာလျှင် သစ္စာသိဖို့အရေးပေါ်သေးရဲ့လား . . . (မပေါ်ပါဘုရား)။

အဲဒါကြောင့် မြန်မြန်လုပ် သံသရာ့ခရီးသည်ဘဝက လွတ်ချင်ရင် သံသရာအဆုံးရှိသတဲ့၊ သစ္စာမြင်ရင် ဆုံးပါလိမ့်မယ်တဲ့ . . . (မှန်ပါ့)။

## ဒုက္ခသစ္စာပိုင်ပိုင်နိုင်နိုင်သိရင်ဆုံးပါတယ်

ကိုစံလှ ဘာတဲ့တုံး. . . (သစ္စာမြင်ရင် ဆုံးပါလိမ့်မယ် . . . တဲ့) သစ္စာမြင်ရင် ဆုံးပါလိမ့်မယ် . . . (မှန်ပါ့) ဒုက္ခသစ္စာပိုင်ပိုင်နိုင်နိုင်သိရင်လဲ မောင်နိုင်. . . (ဆုံးပါလိမ့်မယ်ဘုရား) နိရောဓသစ္စာမျက်မှောက်ပြုရင်လည်း (ဆုံးပါလိမ့်မယ်ဘုရား) နိရောဓသစ္စာ မျက်မှောက်ပြုရင်လည်း (ဆုံးပါလိမ့်မယ်ဘုရား) အဲ . . . စကားလုံးသာများနေပါတယ်၊ ဒုက္ခပိုင်ပိုင်နိုင်နိုင်သိရင် ဒုက္ခဆုံးသွားတာပဲ၊ ဒုက္ခဆုံးရင် နိရောဓဒီနေရာမှာ အစားထိုးတာပဲ (မှန်ပါ့ဘုရား) ပူစရာလိုသေးသလား . . . (မလိုပါဘုရား)။

ကိုင်း. . . ဒါဖြင့် သံသရာသဘောတော့ ဒကာဒကာမတွေ အခုနောက်စကားမှာ သိကြပါပြီ. . . (သိပါပြီဘုရား) သံသရာဆိုတာ ဘာရှိသတဲ့ (အစမရှိ အဆုံးသာရှိပါတယ်ဘုရား) ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

## လူတိုင်းနဲ့တော့မဆိုင်ပါဘူး

ဒါ. . . လူတိုင်းအတွက်လားလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေ မေးတဲ့အခါကျတော့ လူတိုင်းနဲ့တော့ မဆိုင်ပါဘူး. . . (မှန်ပါ့)၊ သူတော်ကောင်းနဲ့ ဆရာကောင်းသမားကောင်းနဲ့ပေါင်းပြီး သကာလ ကိုယ်ကလည်း ပေါင်းတဲ့

ရော ဒကာ ဒကာမတွေ သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ထမင်း ကျွေးရင်ကျွေး ဆာလောင်မွတ်သိပ်တဲ့ ဝေဒနာနဲ့ ခေါင်းထဲပြေးမှာပဲ၊ မဟုတ်လား. . . (မှန်ပါ့)၊ ဆေး တိုက်ရင်တိုက်ပါ၊ မတိုက်ရင် ကျုပ်ခေါင်းထဲ ပြေးပါလိမ့်မယ် ဆိုတော့ ခန္ဓာချစ်ခင်တဲ့ပုဂ္ဂိုလ် ခန္ဓာဝန်ထမ်းသမားက အံမာ လေး မလုပ်တော်မူပါနဲ့၊ ဘယ်လောက်ကုန်ကုန် ကျုပ် ဆေး ဝယ်ပါ့မယ်ဆိုပြီး သူ့ရှာတိုက်နေရတယ်. . . (မှန်ပါ့ဘုရား)။

## သစ္စာပြတတ်တဲ့ဆရာနဲ့တွေ့တုန်းလုပ်လိုက်ပါ

အဲဒီတော့ မြန်မြန်လုပ်ရင် လုပ်ပါဆိုတဲ့ဥစ္စာ သူက ခဏခဏပြေးပါ့မယ်ပြောနေလို့ သစ္စာပြတတ်တဲ့ ဆရာနဲ့ တွေ့တုန်း သစ္စာသိတဲ့အလုပ် သံသရာဆုံးတဲ့အလုပ်ကို လုပ် လိုက်၊ သစ္စာသိရင် သံသရာဆုံးတယ်. . . (မှန်ပါ့)။

ဒီတော့ အရေးတကြီး လုပ်ပါလို့ဆိုတာရော ဒကာ ဒကာမတွေ တိုက်တွန်းထိုက်၊ မတိုက်တွန်းထိုက်. . . (တိုက် တွန်းထိုက်ပါတယ်ဘုရား)။

ခန္ဓာက ဘယ်လိုပြောပြောနေလို့တုံး. . . (ခေါင်းထဲ ဝင်မယ်ပြောနေလို့ပါဘုရား)၊ ခေါင်းထဲပြေးမယ်ချည်း ပြော တယ်၊ ရိပ်မိကြရဲ့လား. . . (မှန်ပါ့)။

အတိုင်း လုပ်လို့ရှိရင်ဖြင့် အစ, မရှိတဲ့ သံသရာမှာ အဆုံး ရှိသွားတာပေ့ါ၊ သူ့အတွက် အဆုံးရှိတယ်လို့ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ သူ့အတွက် အဆုံးရှိဖို့ အရေးဟာက အခုအချိန်မှာရရင် ရပါ ကိုစောမောင်၊ နက်ဖြန်သေရင် မရနိုင်ဘူးနော်. . . (မှန်ပါ့)၊ ရနိုင်ပါ့မလား . . . (မရနိုင်ပါဘုရား)။

ဒါ့ကြောင့် အရေးကြီးလှချည်လားဘုရား. . . လို့ မောင်နိုင်တို့က မေးချင်မေးလိမ့်မယ်. . . (မှန်ပါ့)၊ ကိုစံလှ ကလည်း အရေးကြီးလှချည်ဆိုတော့ အို. . . အရေးကြီးရပါ သော်ကော. . . တဲ့၊ ဒီခန္ဓာကိုယ်ကြီးက ဒကာ ဒကာမတွေ တော်တော်နေ ငါ့ခေါင်းထဲပြေးတော့မယ်ဆိုတာ ခဏ ခဏ ပြောတယ်. . . (မှန်ပါ့)၊ မပြောဘူးလား. . . (ပြောပါတယ် ဘုရား။

ထမင်းကျွေးရင် ကျွေး၊ မကျွေးရင် ခေါင်းထဲ ပြေး မယ်၊ ဆေးနဲ့တားချင်တား၊ မတားရင် သူက ဘာတဲ့တုံး. . . (ခေါင်းထဲပြေးပါမယ်. . . တဲ့)။

အို. . . သူက ဒီဥစ္စာက တစ်နေ့ဘယ်နှစ်ခါ ခြိမ်း ခြောက်နေသတုံး မေးကြည့်စမ်းပါဦး. . . (မရေမတွက်နိုင်ပါ ဘုရား)၊ မရေမတွက်နိုင်အောင် ခြိမ်းခြောက်နေတယ်ဆိုတာ

အဲဒါ. . . အရုပ်ဆိုးအောင်ပြောနေတာလား၊ သူ့ ပင်ကိုသဘောလား. . . (သူ့ ပင်ကိုသဘောပါဘုရား)၊ သူ့ ပင်ကိုသဘောပါ ဒကာ ဒကာမတို့၊ ကျွေးရင် ကျွေးပါ၊ မွေးရင် မွေးပါ၊ ကုရင် ကုပါ၊ သ,ရင် သ,ပါ၊ မကုသ,ရင် ကျုပ်သွားတော့မယ် မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

ဒါကြောင့်၊ ခင်ဗျားတို့က ဆန်တွေလှောင်ထား၊ ဆီတွေလှောင်ထားနဲ့ ကိုစောမောင်တို့က. . . (မှန်ပါ့)။

ဘယ့်နှယ်ကြောင့် လှောင်ထားတာတုံး၊ သူပြေးမယ် ပြေးမယ်ပြောတိုင်း ကျုပ်တို့က မပြေးပါနဲ့လို့ တားရအောင်လို့၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အိမ်နဲ့တားရတဲ့အခါ မပါဘူးလား. . . (ပါ ပါတယ်ဘုရား)၊ အဝတ်အထည်ကလေးနဲ့ တားရတဲ့အခါ . . . (ပါပါတယ်ဘုရား) ဆေးနဲ့တားရတဲ့အခါ . . . (ပါပါတယ်ဘုရား) ပရိတ်တွေနဲ့များ တားရတဲ့အခါ (ပါ, ပါတယ်ဘုရား) အံမာလေး . . . ပါသေးတယ် ပါသေးတယ် နည်းတာမဟုတ်ဘူး၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဒကာ ဒကာမတွေ တားဖို့ရာ ဆေးများ ရှာရပါလိမ့်မလဲလို့ မေးလို့ရှိရင် သူကနေ့တိုင်း ခြိမ်းခြောက်လို့ (မှန်ပါ့) ဘယ်လိုများ ဆုံးဖြတ်သလဲ (ပြေးမယ်လို့ ခြိမ်းခြောက်ပါတယ်ဘုရား) ပြေးမယ် . . . ပြေးမယ်က

ဦးဘကလေး တစ်နေ့ဘယ်နှစ်ကြိမ် ပြောတယ်ထင်သတုံး. . (မရေတွက်နိုင်ပါဘုရား)။

တစ်ခါတည်း ဒကာ ဒကာမတွေ သူ့ ခြေနာပါတယ် ဆိုလို့ရှိရင်ဖြင့် ဥပမာ အခု အော်ဒါချုပ်ဖိနပ်တွေ, ကတ္တီပါ ဖိနပ်တွေဝယ်ပြီးချော့ရင်ချော့၊ မချော့ရင် ခြေနာနဲ့ပဲ သူက လည်း တစ်ခါတည်း အသားမာတွေဘာတွေ ဖြစ်ပြီးသကာလ ခေါင်းထဲ သွားလိုက်မယ်မပြောဘူးလား. . (ပြောပါတယ် ဘုရား)။

ထီးမဆောင်းဘဲ သွားလို့ရှိရင်ဖြင့် ခေါင်းအအေးပတ် ပြီး နှာစေး ချောင်းဆိုး ဝေဒနာနဲ့ ဖျားပြီးသကာလ ခေါင်းထဲ သွင်းလိမ့်မယ် မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

## ခေါင်းထဲသွားမယ်ဆိုလို့တောင်း မန်ထားရတာ

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတွေ ခင်ဗျားတို့ အခု ခြယ်လှယ်ထားတဲ့ အထည်အလိပ်၊ ခြံရံထားတဲ့ အစား အသောက်၊ ကာရံထားတဲ့ အိမ်, တိုက်တာ ကားတွေဟာ ဘာလုပ်တာတုံး . . . လို့ မေးရင် ရိပ်မိပလား. . . (ရိပ်မိ ပါပြီဘုရား)။

ခေါင်းထဲသွားမယ်ဆိုလို့ တောင်းပန်ထားရတာ ဆို တော့ကို တောင်းပန်တိုင်း ရမယ်ဆိုလို့ရှိရင်လည်း ဒီမြို့ပေါ်

မှာ အရင်တုန်းက အဘိုးကြီးတွေလည်း အကုန်ရှိမှာပဲ၊ အဘွားတွေရော. . . (ရှိမှာပါဘုရား)။

သို့သော်လည်း . . . ရသေ့စိတ်ဖြေသာ တောင်းပန်နိုင်တယ်လို့မှတ်ကြ. . . (မှန်ပါ့) ဘယ်လိုမှတ်ကြမယ်. . . (ရသေ့စိတ်ဖြေသာ တောင်းပန်နိုင်ပါတယ်ဘုရား)။

ရသေ့စိတ်ဖြေဆိုတာ ဒကာ ဒကာမတွေ ရှေးစကားဖြစ်နေလို့တော်ရုံ တန်ရုံသာ ရတယ်လို့ ပြောလိုက်ပါ. . . (မှန်ပါ့) တကယ်သွားတော့မယ်ဆိုရင် ဘာနဲ့တားတား . . . (မရပါဘုရား)။

အဲဒီတော့ . . . ဒကာ ဒကာမတွေက တားထားလို့မရလို့ အဘိုးတွေ၊ အဘွားတွေ၊ ဘီတွေ၊ ဘင်တွေ၊ သားတွေ၊ မြေးတွေ၊ မြစ်တွေ၊ သွားနှင့်ကြတာလည်း ကိုစံလှ, ဘယ်လောက်များပလဲ. . . (မရေတွက်နိုင်ပါဘုရား) ဒါ ဘယ့်နှယ်ကြောင့်တုံး (တားမရလို့ပါ) ရှင်းပလား. . (ရှင်းပါပြီဘုရား)။

## သစ္စာသိအောင် မြန်မြန်လုပ်လိုက်

ဒါဖြင့် ဒကာ ဒကာမတွေ ဒီဥစ္စာ သစ္စာသိအောင် မြန်မြန်လုပ်လိုက်၊ သံသရာဆုံးသွားအောင်. . . (မှန်ပါ့) သံသရာဆိုတာ တားနေရတဲ့ကိစ္စ၊ မျက်နှာ အောက်ကျတဲ့ကိစ္စနဲ့ သံသရာကြီးထဲမှာ နေရတယ်. . . (မှန်ပါ့)။

သံသရာကြီးထဲမှာနေရတာ သူများအိမ်မှာ လခနဲ့ အစေအခိုင်းနေရတဲ့ကလေး၏ မျက်နှာမျိုး၊ အိမ်ဖော်ကလေး၏ မျက်နှာမျိုးသွားဖြစ်နေတယ်. . . (မှန်ပါ့) ဘယ်တော့ ကြည်သာတဲ့ အချိန်ရှိသလဲ. . . (မရှိပါဘုရား)။

ဘယ်တော့မျှား သူ့စိတ်သဘောအတိုင်း နေရတဲ့ အချိန်များ ပါ,ပါရဲ့လား. . . (မပါ,ပါဘုရား) သခင်မျက်နှာ ကြည့်နေရတဲ့ အချိန်က မများဘူးလား. . . (များပါတယ် ဘုရား)။

ဒီမှာလည်း ခန္ဓာတည်းဟူသော အရှင်သခင်ကြီးကို ဒကာ ဒကာမတွေက သူ့နဖူးစမ်းရတာနဲ့. . . (မှန်ပါ့) မစမ်းရ ဘူးလား (စမ်းရပါတယ်ဘုရား)။

သူ့ပဲတစ်ခါတည်း နှာခေါင်းနှိုက်ကြည့်ရတာနဲ့၊ သူ့ပဲ လျှာကိုကြည့်ရတာများ မတော်များ သေသွားချည်မလား အစရှိသည်နဲ့ သူ့မျက်နှာကြည့်ပြီး ဒီကပြုသမား စုသမားက အရေးစိုက်နေရတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ တစ်သံသရာလုံးဟာ မျက်နှာကောင်း ရခဲ့ရဲ့လားလို့ မောင်နိုင်, မေးကြည့်စမ်း. . . (မရခဲ့ပါဘုရား) ဘယ်အချိန်မရတာတုံး. . . ဆိုလို့ရှိရင် ခေါင်းထဲပြေးမလို့ တားတိုင်း တားတိုင်းပဲ သူကဖြင့် ဒီတစ်ခါ တားတာကိုဖြင့်

သည်းခံမယ်လို့ တစ်ခါနေလိုက်တော့ နောက်, တားပါများလို့ ရှိရင် သည်းမခံနိုင်ဘူး၊ ငါသွားနေကျလမ်းပဲ သွားမယ်ဆိုပြီး ခေါင်းထဲပဲသွားတယ်. . . (မှန်ပါ့) ဒို့ပြင်ဘယ်များသွားသေး သလဲ. . . (မသွားပါဘုရား) သဘောပါကြပလား. . . (ပါ, ပါပြီဘုရား)။

ဒါဖြင့် သံသရာဆုံးမှ မျက်နှာအောက်ကျတဲ့ကိစ္စ လည်း ဇာတ်သိမ်းမယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား) တောင်းပန်မှုရော. . . (ဇာတ်သိမ်းမှာပါ) လွတ်သွားမယ်. . . မဆိုနိုင်ကြဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

အဲဒီတော့ ဒီထဲမှာ မျက်နှာကြီးများ ပါသေးသလား လို့ ကိုစောမောင်, မေးချင်တယ်. . . (မပါ, ပါဘုရား) တောင်းပန်ပြီးနေရတဲ့ပုဂ္ဂိုလ် အမျိုးအစားကြီးပဲ အကုန် တစ်ပြုံးလုံးပဲ ဆိုလို့ရော လွဲစရာရှိသေးသလား. . . (မရှိပါ ဘုရား) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## သံသရာ့ခရီးသည်

အဲဒါသိရလို့ရှိရင်ဖြင့် ဩော်. . . သံသရာထဲမှာ မျက် နှာကောင်း မရခဲ့ဘဲနဲ့ အောက်ကျနောက်ကျနဲ့ အိမ်ဖော် လောက်မှ မဟုန်တဲ့ အခြေအနေမျိုးဟာ တို့ နေ့တိုင်းကြုံ

နေပါလား၊ သံသရာခရီးသည်မျိုးဟာ ဒီအပူပါပဲ. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား) သံသရာခရီးသည်ကို အခု နားလည်ပလား. . . (နားလည်ပါပြီဘုရား) ဒီအထဲက သံသရာကို ရှေ့များ တောင်းချင်သေးလို့ရှိရင်ဖြင့် မောင်နိုင် ရေ့, တောင်းပန်တိုးလျှိုရတဲ့ဘဝကို သူ့မှာအတော်ပျော်နေလို့ သူတောင်းစားမျှော်တဲ့ အဓိပ္ပာယ် ကိုစံလှ, ရောက်, မရောက် (ရောက်ပါတယ်ဘုရား)။

ဒါ အရုပ်ဆိုးအောင်ပြောတာလား, အမှန် ပင်ကို သဘောလား. . . (အမှန်ပင်ကိုသဘောပါ) အမှန် ပင်ကို သဘောကိုပြောနေတယ်ဆိုတာ အကွက်ကျလို့သာ ခင်ဗျား တို့က နားထောင်လို့ဖြစ်တာနော်. . . (မှန်ပါ့) ကိုစောမောင်, ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် သစ္စာသိအောင် မြန်မြန်လုပ်ပါ. . . (မှန်ပါ့ ဘုရား) နို့မဟုတ်လို့ရှိရင် မျက်နှာအောက်ကျတဲ့ ဘဝနဲ့ပဲ အချိန်ကုန်နေလိမ့်မယ်. . . (မှန်ပါ့) မျက်နှာအောက်ကျပြီး သကာလ. . . တောင်းပန်လို့ရတာလားလို့ မေးတဲ့အခါကျ တော့ တောင်းပန်တိုင်းရတဲ့သဘောမျိုးလည်း ဟုတ်ရဲ့လား (မဟုတ်ပါဘုရား)။

ဒါဖြင့် တောင်းပန်ရတာကလည်း မအားမလပ် တောင်းပန်မရလို့လက်လျှော့ပြီးသကာလ. . . မျက်ရည်စက်

လက်နဲ့ နေရစ်ရတာလည်း. . . (မအားလပ်ပါဘုရား)၊ မအား မလပ်ဆိုတာ ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## နေ့တိုင်းရှာဖွေနေတာ ဘာလုပ်ဖို့တုံး

အဲဒါတွေ သေသေချာချာဉာဏ်နဲ့ဝေဖန်ပြီးသကာလ ကြည့်လိုက်တဲ့အခါကျတော့မှ ဩော်. . . တို့မှာ နေ့တိုင်း ရှာဖွေနေတာ ဘာလုပ်ဖို့ပါလိမ့်မတုံး. . . လို့ မေးတော့မှ ကိုစောမောင် ပေါ်လာတယ်. . . (ပေါ်ပါတယ်ဘုရား)၊ ဘာ လုပ်ဖို့ပါလိမ့်. . . (တောင်းပန်ဖို့ပါဘုရား)၊ ဒကာ ဒကာမတို့ ဘယ်တောင်းပန်ဖို့ပါလိမ့်. . . (ခန္ဓာကို တောင်းပန်ဖို့ပါ ဘုရား)။

ဩော်. . . ဒါဖြင့် ဘယ်နှစ်ချိန် တောင်းပန်ရသတုံး လို့ မေးလို့ရှိရင်ဖြင့်လည်း အစားကဖြင့် တစ်နေ့သုံးကြိမ် လောက်၊ အဝတ်နဲ့ဖြင့် အမြဲတောင်းပန်နေရတယ်၊ ဒီအဝတ် မကြိုက်ရင် ဟိုအဝတ် မြန်မြန်လဲ၊ မောင်နိုင် မလဲရဘူးလား . . . (လဲရပါတယ်)၊ ဒါလည်း ဘာလုပ်တာတုံးကွ. . . (တောင်းပန်တာပါ)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီအစာမကြိုက်လို့ ဟိုအစာ အခွန် ဆက်ရတာရော . . . (တောင်းပန်ရတာပါဘုရား)၊ တောင်းပန်နေရတယ်ဆို တာ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ သံသရာ ဆုံးအောင် လုပ်လိုက်ပါ၊ သံသရာ့ခရီးသည်ကြီး၏ဆိုးရွားတဲ့ ဝဋ်ကြီး ကြုံနေတယ်. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)၊ သံသရာ့ခရီးသည်ကြီး၏ ဆိုးရွားတဲ့ဝဋ်ကြီး. . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သံသရာအစမရှိဘူး၊ အဆုံးရှိတယ်ဆိုတာ မြန်မြန်လိုက်,လိုက်ဖို့ကောင်းတယ်. . . (မှန်ပါ့)၊ အဆုံးကို မြန်မြန်လိုက်လိုက်ဖို့ ကောင်းတယ်. . . (မှန်ပါ့)။

ဒကာ ဒကာမတို့ ဘာပါလိမ့်. . . (သံသရာအဆုံး မြန်မြန်လိုက်,လိုက်ဖို့ကောင်းပါတယ်) မြန်မြန်သစ္စာသိအောင် လုပ်လိုက်ရင် ဆုံးသွားတာပဲ. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မြန်မြန်သစ္စာသိအောင် လုပ်လိုက်ရင်. . . (ဆုံးသွားပါတယ်)၊ ကဲ. . . ဒါဖြင့် ဒီ ဒကာ ဒကာမတွေ ကံကောင်းသေးတယ်၊ သစ္စာဟောတတ်တဲ့ဆရာနဲ့လည်းတွေ့ပြီ၊ ခင်ဗျားတို့ကလည်း သစ္စာ သိအောင် ကြိုးစားလိုက်မယ်ဆိုလို့ရှိရင်ဖြင့် တောင်းပန်တိုးလျှိုးတဲ့ဘဝတွေလည်း ဇာတ်သိမ်း. . . (မှန်ပါ့)။

မျက်ရည်စက်လက်နဲ့ တောင်းပန်မရလို့ လက်လွှတ်ရတဲ့ ဇာတ်တွေရော. . . (သိမ်းပါတယ်ဘုရား)၊ အကုန်သိမ်း

လို့ရှိရင်ဖြင့် နေရာကျသေးရဲ့၊ တော်သေးရဲ့ဟော့. . . ဒီလို သစ္စာဟောတဲ့ဆရာမျိုးနဲ့မတွေ့တော့ဘူးဆိုရင် မောင်နိုင် သွားပြီ. . . (မှန်ပါ့ဘုရား)၊ မသွားတော့ပေဘူးလား. . . (သွားပါတယ်ဘုရား)။

သူ့ကိစ္စက ဘာတုံး. . . တောင်းပန်တိုးလျှိုး၊ နောက် ခန္ဓာရလည်း တောင်းပန်တိုးလျှိုးဖို့ပဲ. . . (မှန်ပါ့)၊ နောက်ဆုံး ပိတ် လက်လျှော့ဖို့ ကိုစောမောင် ဘာပါသေးသတုံး. . . (မပါပါဘုရား)၊ ဒါပဲ မဟုတ်လား. . . (ဒါပါပဲဘုရား)။

သေသေချာချာ ဉာဏ်နဲ့စဉ်းစားမှ ဩော်. . . သံသရာ အစ, မရှိဘူး၊ အဆုံးရှိတယ်ဆိုတာ အဆုံးတော့ ဖြင့် ရောက်အောင်သွားလိုက်ဖို့ပါပဲ။ သံသရာခရီးသည်၏ ဖြစ်ထွေကဖြင့် အင်မတန် ကြောက်စရာကောင်းတဲ့အဖြစ်နဲ့ နေကြ၊ ကြုံကြရတယ်ဆိုတဲ့ဥစ္စာ သေသေချာချာပေါ်သွား တယ်. . . (ပေါ်သွားပါတယ်)၊ မပေါ်သေးဘူးလား. . . (ပေါ်သွားပါတယ်ဘုရား)။

## သစ္စာသိတဲ့ပုဂ္ဂိုလ်အတွက်သာ အဆုံးရှိတာ

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ သံသရာမှာ ဘာ တဲ့. . . (အစမရှိပါဘုရား)၊ ဘာတော့ရှိသလဲ. . . (အဆုံး တော့ရှိပါတယ်ဘုရား)၊ တော်သေးတယ်၊ အဆုံးက လူတိုင်း

အတွက် ရှိတာလား၊ သစ္စာသိတဲ့ ပုဂ္ဂိုလ်အတွက် ရှိတာလား . . . (သစ္စာသိတဲ့ပုဂ္ဂိုလ်အတွက် ရှိတာပါဘုရား)။

ကိုင်း. . . ဒါဖြင့် နိဗ္ဗာန်ပြောကြပါဦးစို့ ဒကာ ဒကာမတွေ သူက အသွားအပြန်ပြောရမှာ၊ မောင်မြင့်ရေ. . . (မှန်ပါ့)၊ အခု သံသရာမှာလည်း အစမရှိဘူး. . . တဲ့၊ ဆင်းရဲအစ၊ ဘယ်ဘဝဆင်းရဲခဲ့ပါတယ်လို့ ရှာလို့ကိုမတွေ့ပါဘူး . . . (မှန်ပါ့)၊ အဆုံးတော့ရှိပါတယ်တဲ့၊ သစ္စာသိရင် ဆုံးပါတယ်. . . (မှန်ပါ့)၊ ကိုစောမောင် ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ. . . နိဗ္ဗာန်မှာတော့ ဘယ်လိုတုံး . . . လို့ဆိုလို့ရှိရင် သံသရာမှာ အစမရှိဘူးလို့ဆိုလို့ရှိရင် နိဗ္ဗာန်မှာတော့ အစရှိတယ် ဒကာ ဒကာမတို့ ရိပ်မိကြပလား . . . (ရိပ်မိပါ ပြီဘုရား)၊ နိဗ္ဗာန်မှာတော့ အစရှိတယ်. . . တဲ့၊ အဆုံးတော့ မရှိဘူး. . . (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ကျတော့ ဘာတဲ့. . . (အစသာရှိတယ်၊ အဆုံးမရှိပါဘုရား)၊ ပြောင်းပြန် လှည့်မှတ်လိုက်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

နိဗ္ဗာန်တော့ ဘယ်လိုတဲ့. . . (အစသာရှိတယ်၊ အဆုံးမရှိပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန်ဟာ သိပ်ကျယ်ဝန်းတဲ့ အဓိပ္ပာယ်သဘောရောက်တာပေါ့. . . (ရောက်ပါတယ်ဘုရား)။

## နိဗ္ဗာန်သည် အစရှိတဲ့တရား

အစရှိတယ်ဆိုတာက ဒကာ ဒကာမတို့ နိဗ္ဗာန်သည် ကားလို့ဆိုရင်ဖြင့် သေသေချာချာ အစရှိတဲ့ တရားပါပဲ၊ အဆုံးကတော့ မရှိဘူး၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဘယ်ဘုရားလက်ထက်က နိဗ္ဗာန်ဟာ ဘယ်ရွာ ဘာ့ဖြစ်လို့ပါသွားတယ်လို့ အဆုံးရောရှိရဲ့လား. . (မရှိပါဘုရား)။

အမြဲတမ်း ခိုင်ခံ့တဲ့တရား၊ ဘယ်သူဖျက်လို့မှ မပျက်၊ ဘယ်ဆင်းရဲမှ ကြားမတိုးနိုင်တဲ့ ချမ်းသာဆိုတော့ နိဗ္ဗာန်သည်ကားလို့ ဆိုရင်ဖြင့် ဒကာ ဒကာမတို့ အဆုံးမရှိတာ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ချမ်းသာ အဆုံးမရှိ၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်မှာပြည့်သွားတယ်၊အန်သွားတယ်လို့မရှိဘူး

ဘယ်လောက်ပဲ ဘုရားတွေက ဒီအထဲမှာ နိဗ္ဗာန်ရောက်ဖို့ပုဂ္ဂိုလ်တွေ သွင်းသွားငြားသော်လည်း အဆုံးရှိရဲ့လား. . . (မရှိပါဘုရား)၊ ပြည့်သွားတယ်၊ အန်သွားတယ်လို့ ရှိရဲ့လား. . . (မရှိပါဘုရား)၊ ကိုစံလှရေ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်မှာတော့ ဘာတဲ့ ဒကာ ဒကာမတို့. . . (အစသာရှိပါတယ်၊ အဆုံးမရှိပါဘုရား)၊ အဲဒီတော့ . . . အစရှိရင် ကျုပ်တို့ အစကိုလိုက်ဖို့ အရေးကြီးတယ်၊ အစရှိလို့ အစလိုက်တဲ့အခါကျတော့ အဆုံးမရှိတဲ့ နိဗ္ဗာန်ကြီး ကျုပ်တို့ မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

အဆုံးမရှိ ဒကာ ဒကာမတို့. . . ဘယ်လောက်ချမ်းသာသတုံး. . . ဆိုတာလည်း ချမ်းသာလည်း အဆုံးမရှိဘူး၊ အကျယ်အဝန်း ဘယ်လောက်တုံးဆိုတာရော ကိုစောမောင် . . . (အဆုံးမရှိပါဘုရား)။

အဆုံးမရှိဘူး၊ ဘယ်ဘုရားလက်ထက်က ဘယ်လောက် ၂၄ အသင်္ချေနဲ့ ကုဋေရှစ်ဆယ်နဲ့ ဗိုလ်ခြေတစ်သိန်းပေါင်း နိဗ္ဗာန်သွင်းသွားတာတွေဟာ သူက အဆုံးမရှိတဲ့အတွက် ဘယ်လောက်လာလာ သမုဒ္ဒရာရေလိုပဲ ဘယ်တော့မှ ခန်းတယ်၊ ကုန်တယ်လို့မရှိဘူး. . . (မှန်ပါ့)၊ ဘယ်လောက်ရေတွေဝင်ဝင် လျှံတယ်လို့လည်း မရှိဘူး၊ မောင်နိုင် သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကျတော့ ဘယ်လိုမှတ်ကြမယ်. . . (အစသာရှိတယ်၊ အဆုံးမရှိပါဘုရား)၊ ဒါဖြင့် သစ္စာသိတာဟာ အစ, သဘောကျပလား. . . (ကျပါပြီဘုရား)။

## သစ္စာသိမှ နိဗ္ဗာန်ရောက်မယ်

နိဗ္ဗာန်ရောက်ချင်လို့ရှိရင် ဘာသိမှရောက်မတုံး. . . (သစ္စာသိမှ ရောက်ပါတယ်ဘုရား)၊ အဲ. . . သစ္စာတည်းဟူသော အစကို ခင်ဗျားတို့ တွေ့တဲ့နေ့ကစပြီး အဆုံးမရှိတဲ့ နိဗ္ဗာန်တော့ ရောက်ရတော့မယ်. . . (မှန်ပါ့ဘုရား)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

သစ္စာတွေ့တဲ့အစကို တွေ့တဲ့နေ့ကစပြီး အဲဒီကသာ လိုက်တော့ မောင်နိုင်ရေ. . . ဘယ်ရောက်မယ် ထင်သတုံး . . . (နိဗ္ဗာန်ရောက်ပါမယ်ဘုရား)၊ အဆုံးမရှိတဲ့ နိဗ္ဗာန်ကို သေသေချာချာရောက်မယ်ဆိုတာ ကောင်းကောင်းကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

ဩော်. . . ဒါဖြင့် ကိုစောမောင်ရေ၊ တစ်သက်မှာ တစ်ခါကြားရတဲ့တရားလို့မှတ်. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ ပါပြီဘုရား)။

ဘယ်အခါကာလမှ ကိုစံလှရေ. . .၊ ဒါ ကြားဖူးတယ်လို့ရှိသတုံး. . . (မရှိပါဘုရား)၊ မရှိပါဘူး၊ မရှိတော့. . . တော်,တော်သေးရဲ့၊ နိဗ္ဗာန်အစ, ရှိတယ်ဆိုရင် တို့အစကလေးတော့ ဒီအစကလေးက လိုက်လို့ရှိရင်ဖြင့် အဆုံးမရှိ ချမ်းသာတဲ့ နိဗ္ဗာန်တော့ တို့မရောက်မရှိပါဘူးဆိုတာ ခင်ဗျားတို့သာ မှတ်လိုက်ပေတော့၊ သစ္စာသိတာက အစပဲ. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါ ပါပြီဘုရား)။

## ဒီလမ်းကသာ ဖိလိုက်သွားပါ

သစ္စာသိတာက. . . (အစပါဘုရား)၊ အဲ. . . သစ္စာသိတယ်ဆိုရင်ဖြင့် နိဗ္ဗာန်အစရှိလို့ ဒီလမ်းကသာ ဖိလိုက်သွားတော့၊ ဒီသစ္စာကို ဝိပဿနာ ရှုသွားတော့ ကိုစောမောင်မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

ရောက်မှာပဲ၊ ဒီသစ္စာဒုက္ခကြီးသာ ဆုံးအောင် လိုက်သွားလိုက်စမ်း၊ ခုနင်က အဆုံးမရှိတဲ့ နိဗ္ဗာန်ကြီး မောင်နိုင်ရောက်၊ မရောက်. . . (ရောက်ပါတယ်ဘုရား)၊ အဲ. . . ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သိတဲ့အစဟာ နိဗ္ဗာန်တွေ့တဲ့ အစပါပဲ. . . (မှန်ပါ့)၊ သဘောပါကြပလား. . . (ပါပါပြီဘုရား)။

နိဗ္ဗာန်တွေ့တဲ့အစဟာ ဘာပါလိမ့်. . . (ဒုက္ခသစ္စာသိတဲ့ အစပါဘုရား)၊ အဲ. . . သစ္စာသိတဲ့အစဟာ နိဗ္ဗာန်၏အစ ရှိတယ်ဆိုတာ ပေါ်ကြပလား. . (ပေါ်လာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ နေရာကျပြီမောင်နိုင်ရဲ့၊ သံသရာတော့ မောင်နိုင်ရဲ့၊ သံသရာတော့ ဘာလဲ. . . (အစမရှိပါ၊ အဆုံးသာရှိပါတယ်ဘုရား)၊ နိဗ္ဗာန်ကျတော့. . . (အစသာရှိတယ် အဆုံးမရှိပါဘုရား)၊ သဘောပါပြီနော်. . . (ပါ ပါပြီဘုရား)။

## နိဗ္ဗာန်ရောက်အောင် အစလုပ်ပါ

အဲဒါ. . သေသေချာချာမှတ်ထားတော့မှ ဩော်. . ဒါဖြင့် တို့ နိဗ္ဗာန်ရောက်အောင် အစလုပ်ဖို့ အရေးကြီးတယ် . . . (မှန်ပါ့ဘုရား)။

အစရှိရင်တော့ ကိုစောမောင်ရေ. . . လိုက်သွားရုံပေါ့ဗျာ. . . (မှန်ပါ့ဘုရား)၊ အစ မတွေ့ရင်တော့ ကိုစံလှ ခက်သေးတယ်. . . (ခက်ပါတယ်ဘုရား)။

အဆုံးမရှိတဲ့ နိဗ္ဗာန်ကြီး၊ ဘယ်တော့မှ မပျက်စီးတဲ့ နိဗ္ဗာန်ကြီး ချမ်းသာတကာတို့၏ အထွတ်အထိပ်ဖြစ်တဲ့ နိဗ္ဗာန်ကြီး၊ ဘယ်လောက် ပုဂ္ဂိုလ်တွေ ဒီအထဲရောက်ရောက် ဘယ်အခါကာလမှ အဆုံးအပိုင်းအခြားမရှိအောင် ကျယ်ဝန်းနေတဲ့ နိဗ္ဗာန်ကြီး၊ ပျက်စီးခြင်းမရှိတဲ့ နိဗ္ဗာန်ကြီးကို အစကလိုက်ကြမှ နေရာကျမယ်ဆိုတာဖြင့် မှတ်ဖို့ပဲ. . . (မှန်ပါ့)။

## အစတွေ့တဲ့ပုဂ္ဂိုလ်မှရမယ်နော်

အစတွေ့တဲ့ပုဂ္ဂိုလ်မှ ရမယ်နော်. . . (မှန်ပါ့)၊ အစတွေ့ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလိမ့်. . . (သစ္စာသိတဲ့ပုဂ္ဂိုလ်ပါဘုရား)၊ သစ္စာသိတယ်ဆိုတာ အစတွေ့တာပဲ၊ အဲဒါ . . . အဆုံးမရှိတဲ့ နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ့)။

ဒါဖြင့် သစ္စာကို ကျုပ်တို့မတွေ့ခဲ့လို့ နောက်တုန်းက

နိဗ္ဗာန်ကို မရောက်ခဲ့ဘူး. . . (မှန်ပါ)၊ အဆုံးမရှိတဲ့ နိဗ္ဗာန်ကို . . . (မရောက်ခဲ့ပါဘုရား)၊ ဘာမသိခဲ့လို့တုံး. . . (သစ္စာမသိခဲ့လို့ပါဘုရား)။

ဟာ. . . သစ္စာဆိုတာ ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်မှာ ခုနင်ကပြောခဲ့တဲ့ စကားနဲ့ ပြန်ဟပ်လိုက် အစရှိတယ်. . . (အဆုံးမရှိပါဘုရား)၊ ဒါဖြင့် ကျုပ်တို့အစ ဟာ သစ္စာသိတဲ့အစ. . . (မှန်ပါ)၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ကျုပ်တို့သံသရာရှည်ခဲ့တာ အစကို တစ်ခါမှ မတွေ့ဖူးဘူး. . . (မှန်ပါ)။

ဘယ်လိုမှတ်ကြမယ်. . . (အစကို ရှာမတွေ့ပါဘုရား)၊ ဒါဖြင့် အခု အစတွေ့လို့ရှိရင်ဖြင့် အခုလိုက်ရုံပဲ. . . (မှန်ပါ)၊ ကိုစောမောင်ရေ ကိစ္စပြီးရမည်ဆိုတာ သေချာပါတယ်. . . (သေချာပါတယ်ဘုရား)။

ကိုစံလှ အားငယ်စရာပါသေးသလား. . . (မပါပါဘုရား)၊ မပါတော့ဘူး၊ နဂိုက ကျုပ်တို့နေခဲ့တာ ဘယ်လိုနေခဲ့ပါလိမ့်မတုံးဆိုတော့ အစရှိလျက်နဲ့ အစမသိခဲ့ဘူး. . . (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (အစရှိလျက်နဲ့ အစမသိခဲ့ပါဘုရား)၊ အစရှိလျက်နဲ့ အစမသိခဲ့တဲ့အတွက် ကြော်. . .

ခွေးဘဝဖြစ်ခဲ့ရတာတွေလည်း. . . (မရေတွက်နိုင်ပါဘုရား)၊ ငရဲအိုးတွေနဲ့ နေခဲ့ရတာတွေရော. . . (မရေတွက်နိုင်ပါဘုရား)၊ ငါးသလောက်ဥထဲမှာပဲ ကျုပ်တို့ အကြိမ်ပေါင်း ဘယ်နှစ်ခါပါဖူးသလဲ. . . (မရေတွက်နိုင်ပါဘုရား)၊ အဲဒါ ဘာမတွေ့ခဲ့တာပါလိမ့်. . . (အစ မတွေ့ခဲ့တာပါဘုရား)။

## ဒီတစ်ခါချော်ရင်တော့သွားပြီ

ဒကာ ဒကာမတွေ ဘယ်လိုမှတ်ကြမယ်. . . (ဒီတစ်ခါချော်ရင်တော့ သွားပေါ့ဘုရား)။

ဒီတစ်ခါချော်ရင် သွားပြီ ခင်ဗျားတို့က၊ အခုမှတွေ့တဲ့ သား၊ လင်၊ ခင်ပွန်းအရေး သားမယားများတို့၏ အရေးကို ခင်ဗျားတို့က ကြီးတယ်၊ မောင်နိုင် မဟုတ်ဘူးလား. . . (ဟုတ်ပါတယ်ဘုရား)။

အခု ဒီဘဝမှာလာပြီး ဆုံကြ၊ ကြုံကြတွေနဲ့ အရေးကြီးနေတာ နောက်ဘဝကပဲ ဒီလို ဆုံဖူး ကြုံဖူးပလားလို့ မေးလို့ရှိရင် အို အလောင်းချင်းထပ်ခဲ့ပါပြီ. . . (မှန်ပါ့)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ သို့သော်. . . ဒီအစတော့ မတွေ့ခဲ့ ဘူး. . . (မှန်ပါ့)၊ သစ္စာသိတဲ့ အစတော့ တွေ့ခဲ့ကြသလား. . . (မတွေ့ပါဘုရား)။

အဲဒီတော့ မတွေ့ခဲ့ကြတော့ ဒကာ ဒကာမတို့တွေ ဪ. . . ဒုက္ခမျိုးစုံတော့ တွေ့ခဲ့တယ်၊ သုခရောက်ကြောင်း တော့ အစကို မတွေ့ခဲ့ဘူး. . . (မှန်ပါ့ဘုရား)၊ ကိုစံလှ ဘယ်လောက်နာခဲ့သတုံး . . (နာပါတယ်ဘုရား)။

ဒုက္ခရောက်ကြောင်းတွေကတော့ ဟိုဘဝ အတိုင်းပါ ပဲ၊ သားသေ လင်ဆုံးတာတွေက မကြုံဖူးတဲ့ဘဝရယ်လို့. . . (မရှိပါဘုရား)။

## နိဗ္ဗာန်အစကျတော့ တစ်ခါမှမတွေ့ဖူးဘူး

ဒါဖြင့် နိဗ္ဗာန်အစကျတော့ တစ်ခါမှ မတွေ့ဘူး. . . (မှန်ပါ့)၊ အစတွေ့လို့ရှိရင် အဆုံးတွေ့တဲ့နိဗ္ဗာန်ရောက်ဖို့ပါပဲ . . . (မှန်ပါ့)၊ အခုတော့ ရောက်ကိုမရောက်ခဲ့တဲ့ ချမ်းသာဆို တာ ကျုပ်တို့ မတွေ့ခဲ့သေးဘူး. . . (မှန်ပါ့)။

ခုနင်က နိဗ္ဗာန်သည်ကားလို့ဆိုရင်ဖြင့် ဆင်းရဲမရှိ အမြဲရှိဆိုတဲ့ဆီကို ရောက်ကိုမရောက်ခဲ့ဘူး. . . (မှန်ပါ့)၊ ဆင်းရဲမရှိ အမြဲရှိဆိုတဲ့စကားနဲ့ မောင်နိုင်ပြန်ဟပ်လိုက် နိဗ္ဗာန် ကို. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ကျုပ်တို့ ဘာနဲ့နေခဲ့ရသတုံးလို့ မေးတဲ့ အခါကျလို့ရှိရင်ဖြင့် အမြဲမရှိ ဆင်းရဲနဲ့ပဲ နေခဲ့ရတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ကျုပ်တို့ ဘာနဲ့နေခဲ့ရသလဲ. . . (အမြဲမရှိ ဆင်းရဲနဲ့နေခဲ့ရပါတယ်ဘုရား)၊ အမြဲကလည်း ဘယ်နေရာမှ ဘယ်အခါကာလမှ မနေခဲ့ရဘူး. . . တဲ့၊ နေတုန်းကလည်း ဆင်းရဲတာနဲ့ နေခဲ့ရတယ်ဆိုတော့ လွှမ်းစရာများ ဘယ်ဟာ ပါသေးသတုံး. . . (မပါပါဘုရား)၊ ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

## တော်တော်အရေးကြီးတာတွေကို ပြောနေတာ

ဩော်. . . တော်တော်အရေးကြီးတာတွေကို ယနေ့ ပြောနေပါလားဆိုတာ မောင်နိုင် ပေါ်ရောပေါ့. . . (ပေါ်ပါ ပြီဘုရား)၊ ကိုပေါ် ရှင်းပလား. . . (ရှင်းပါပြီဘုရား)၊ ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ အစရှာကြပါစို့. . . (မှန်ပါ)။

ဘာရှာရမလဲ. . . (အစရှာကြပါစို့)၊ နိဗ္ဗာန်မှာ အစရှိ တယ်ဆိုတော့ အစရှာကြပါစို့. . . (မှန်ပါ)၊ သစ္စာသိတာက အစ၊ ရိပ်မိကြပလား. . . (ရိပ်မိပါပြီဘုရား)။

ဘာပါလိမ့်. . . (သစ္စာသိတာ အစပါဘုရား)၊ အဲ. . . သစ္စာသိတာ အစ၊ ဒါမှ အဆုံးမရှိတဲ့ နိဗ္ဗာန်ကိုရောက်မယ်ဆို သဖြင့် ရှင်အာနန္ဒာက ဘုရားကိုလျှောက်တယ်၊ ခန္ဓာဝဂ္ဂသံ ယုတ်ပါဠိတော်မှာ၊ နိရောဓော နိရောဓောတိ ဘန္တေဝုစ္စတိ၊ နိရောဓနိဗ္ဗာန်, နိဗ္ဗာန်လို့ ပြောကြတယ်ဘုရား၊ ဘယ်တရား

မျိုးဟာ နိဗ္ဗာန်ဆိုတာ တပည့်တော် အင်မတန် သိချင်ပါတယ် လို့ဆိုပြီးသကာလ လျှောက်တယ်. . . (မှန်ပါ့)။

နိဗ္ဗာန်ဆိုတာဘုရား. . . နိရောဓနိဗ္ဗာန်လို့ဆိုတာ၊ နိရောဓော=ချုပ်တာသည်၊ နိဗ္ဗာနံ=နိဗ္ဗာန်မည်၏ဆိုတော့ ဘယ်တရားများ ချုပ်သွားတာ နိဗ္ဗာန်လို့ဆိုပါ့မလဲ၊ ဒါ. . . တပည့်တော် အင်မတန်သိချင်ပါတယ်လို့ဆိုတော့ နိဗ္ဗာန်၏အစ မေးတယ်. . . (မှန်ပါ့)။

## ဘယ်တရားမျိုးကို နိဗ္ဗာန်လို့ဆိုရမှာလဲ

ကိုစံလှ ဘာမေးတာတုံး. . . (နိဗ္ဗာန်၏အစ မေးပါတယ်ဘုရား)၊ နိဗ္ဗာန်၏အစ မေးနေတာ ဒကာ ဒကာမတို့၊ အရှင်ဘုရား. . . နိဗ္ဗာန် နိဗ္ဗာန်ဆိုတာတော့ဖြင့် ပြောကြဆိုကြတာတွေတော့ အင်မတန်မှ များပါတယ်၊ အဲဒီ. . . များတဲ့အထဲက ဘယ်တရားမျိုးကို နိဗ္ဗာန်လို့ဆိုရပါမလဲ. . . တဲ့။

ဒီတော့ အာနန္ဒာ သေသေချာချာမှတ်ကွ. . . ဆိုပြီးသကာလ သစ္စာကို စပြတယ်. . . (မှန်ပါ့)။

ဘာစပြသလဲ. . . (သစ္စာစပြပါတယ်ဘုရား)၊ သစ္စာစပြတယ်. . . တဲ့ ဒကာ ဒကာမတွေနော်. . . (မှန်ပါ့)၊ သစ္စာစပြတော့ ဒီခန္ဓာငါးပါးပဲ **သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ**၊ ခန္ဓာငါးပါး ဘာတရားတဲ့တုံး. . . (ဒုက္ခတရားပါဘုရား)။

ဘာထိုးပြသတုံး. . . (ဒုက္ခကို ထိုးပြပါတယ်ဘုရား)၊ ဒုက္ခထိုးပြရတော့ ဒုက္ခက သစ္စာပဲမဟုတ်လား. . . (မှန်ပါ့၊ သစ္စာထိုးပြပါတယ်ဘုရား)။

အရှင်ဘုရား နိဗ္ဗာန်သိချင်ပါတယ်၊ နိဗ္ဗာန်သိချင်ပါတယ်ဆိုတော့ ဘာထိုးပြသတုံး. . . (ဒုက္ခကိုထိုးပြပါတယ်ဘုရား)၊ ဒါဖြင့် သစ္စာထိုးပြတာပေါ့. . . (မှန်ပါ့)၊ ရှင်းပလား ဒကာ ဒကာမတို့. . . (မှန်ပါ့)။

နိဗ္ဗာန်သိချင်တော့ ဘုရားက ဘာထိုးပြသတုံး. . . (ဒုက္ခ ထိုးပြပါတယ်ဘုရား)၊ ဒုက္ခသစ္စာ ထိုးပြတယ်၊ ဒါ နိဗ္ဗာန်ကွ တဲ့. . . (မှန်ပါ့)၊ ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

## ခန္ဓာသိရင် နိဗ္ဗာန်အစတွေ့ပြီ

ဒါ နိဗ္ဗာန်အစ တွေ့ပြီ ဒကာ ဒကာမတို့. . (မှန်ပါ့)၊ ခန္ဓာသိလို့ရှိရင်ဖြင့် ဘာတွေ့တယ်ထင်ကြသလဲ. . . (နိဗ္ဗာန်တွေ့ပါတယ်ဘုရား)။

နိဗ္ဗာန်အစ တွေ့ပြီ. . . (မှန်ပါ့)၊ ခန္ဓာဟာ ဘာသစ္စာပါလိမ့်. . . (ဒုက္ခသစ္စာပါ)၊ ဒါသစ္စာတွေ့ရင် နိဗ္ဗာန်အစတွေ့တာပဲ. . . (မှန်ပါ့)။

ဒကာ ဒကာမတွေ အလုပ်လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ဒါဟာ ဩော်. . . တို့သည်ကား. . . လို့ဆိုရင် အစတွေ့ပဲပေါ့

ဆိုပြီးသကာလ သူ့ကို ဆုံးအောင် လိုက် လိုက်ရုံပဲရှိတယ် . . . (မှန်ပါ့)၊ ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

အစတွေ့လို့ရှိရင်. . . (ဆုံးအောင်လိုက်ရပါမယ်)၊ ဆုံးအောင်လိုက်ကြပါလို့ ဒီ ဒကာ ဒကာမတွေကို လေးလေးစားစား သေသေချာချာပြောနေတယ်. . . (မှန်ပါ့)၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

အစရှိရင် ဘာလုပ်ရမယ်. . . (တွေ့အောင်ရှာရပါမယ်ဘုရား)၊ ကျေကျေနပ်နပ် ရှာယူရမယ်၊ အစကို မရရအောင် ရှာရမယ်၊ သဘောပါပလား. . . (ပါပါပြီဘုရား)။

ကောင်းပြီ. . . ဒါဖြင့် နိဗ္ဗာန်မှာ ဘာရှိသတုံး. . . (အစရှိပါတယ်ဘုရား)၊ အဆုံးမရှိဘူး. . . (မှန်ပါ့)။

အစရှိတယ် အဆုံးမရှိဘူးဆိုတာ သေသေချာချာ သိပါတယ်ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၊ အစ ဘယ်သူတုံး. . လို့ မေးတော့မှ ခန္ဓာငါးပါး၊ ခန္ဓာငါးပါးကို သစ္စာဖွဲ့လိုက်. . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . သူတို့ ဒုက္ခသစ္စာလို့ တွေ့လို့ရှိရင် အဆုံးတွေ့တော့တယ်. . . (မှန်ပါ့)၊ ဒုက္ခသစ္စာ အစတွေ့လို့ရှိရင် ဒုက္ခသစ္စာ အဆုံးရှိတော့မှာပေါ့ဗျာ. . . (မှန်ပါ့ဘုရား)၊ မရှိပေဘူးလား. . . (ရှိပါတယ်ဘုရား)။

ဒုက္ခသစ္စာ အစတွေ့ရင် ဒုက္ခသစ္စာက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာဆုံးသွားလို့ရှိရင် ဒုက္ခနိရောဓဖြစ်တယ်၊ နိဗ္ဗာန် မလာသေးဘူးလား. . . (လာပါတယ်ဘုရား)၊ ဒါဖြင့် နိဗ္ဗာန် မှာအစရှိတယ် ဒကာ ဒကာမတို့ အဆုံးမရှိဘူး. . . (မှန်ပါ့)၊ နိဗ္ဗာန်မှာ. . . (အစရှိပါတယ်၊ အဆုံးမရှိပါဘုရား)။

ဒါဖြင့် ကျုပ်တို့ နိဗ္ဗာန်အစကို တစ်သံသရာလုံး မတွေ့ခဲ့ဘူး. . . (မှန်ပါ့)၊ နိဗ္ဗာန်အစ ဘယ့်နှယ်ဆိုကြမလဲ . . . (တစ်သံသရာလုံး မတွေ့ခဲ့ပါဘုရား)။

## ပြမည့်ဆရာနဲ့တွေ့လို့ ကံကောင်းပြီ

ဒါဖြင့် အခုတွေ့ပြီ. . . (မှန်ပါ့)၊ အခုတွေ့ပြီ ဒကာ ဒကာမတွေ ဩော်. . . ဒါဖြင့် ဆရာဘုန်းကြီးက ပြောတယ်၊ ကံကောင်းတယ်၊ ဉာဏ်သာကောင်းကြပေတော့၊ ကံကတော့ ဖြင့် ကောင်းပြီ၊ နိဗ္ဗာန်အစ ပြပေးမည့်ဆရာနဲ့တွေ့ပြီ. . . (မှန်ပါ့)၊ ခင်ဗျားတို့ ဉာဏ်ကလေးနဲ့ ကောင်းကောင်းလိုက်လို့ ရှိရင် ကိစ္စ ပြီးတော့မယ်. . . (မှန်ပါ့)၊ ကိုစောမောင် မပါ ဘူးလား. . . (ပါပါတယ်ဘုရား)၊ ကံကောင်းသလောက် ဉာဏ်ကောင်းကြပါစို့ သဘောကျပလား. . (ကျပါပြီဘုရား)။

## ကံကောင်းသလောက် ဉာဏ်ကောင်းကြပါစို့

ကံကောင်းသလောက် ဉာဏ်ကလိုက်နိုင်ကြလို့ရှိရင်ဖြင့် အစတွေ့ရင်တော့ လိုက်သာ သွားပေတော့. . . (မှန်ပါ့ဘုရား)၊ နွယ်တစ်ခု အဖျားက တွေ့ပြီဆိုမှဖြင့် အမြစ်ကိုရှာဖို့ရာ ကိုစောမောင် အတော်ကို လွယ်သွားပြီ. . . (လွယ်သွားပါပြီဘုရား)၊ မလွယ်ဘူးလား. . . (လွယ်ပါတယ်ဘုရား)။

ဒီအဖျားကလေးသာကိုင်ပြီး ဒကာ ဒကာမတွေက လိုက်သွားစမ်းပါ။ သဘောကျပလား. . . (ကျပါပြီဘုရား)၊ ဒီအဖျားကလေးကို ကိုင်ပြီး လိုက်သွားလို့ရှိရင် ဘုန်းကြီးတို့ဒကာ ဒကာမတွေ အမြစ်တွေ့မှာပဲ. . . (မှန်ပါ့)။

ဒီမှာလည်း နိဗ္ဗာန်အစဆိုတာ သစ္စာတွေ့တာက အစ. . . (မှန်ပါ့)၊ ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

## ဘယ်တရားတို့၏ချုပ်ခြင်းဟာ နိဗ္ဗာန်ပါလဲ

ကိုင်း. . . ဒါကြောင့် ရှင်အာနန္ဒာက အရှင်ဘုရား . . . တဲ့ နိရောဓော နိဗ္ဗာနံ, နိရောဓော, နိဗ္ဗာနံ. . . လို့ အရှင်ဘုရား ဟောတော်မူပါတယ်။ "ကတမေသံ ခေါ ဓမ္မာနံ နိရောဓော နိဗ္ဗာနံ" ဘယ်တရားတို့၏ ချုပ်ခြင်းဟာ နိဗ္ဗာန်လို့ ခေါ်ပါသလဲလို့ လျှောက်တယ်။

ဒကာ ဒကာမတို့ ဒီထဲမှာ ခန္ဓာငါးပါးရှိတယ်၊ ရှိပင်ရှိငြားသော်လည်း တစ်ပါးပဲပြောပါရစေ၊ တစ်ပါးပဲပြောတော့ ခင်ဗျားတို့ အားထုတ်တဲ့တရားကိုပဲ ဥပမာ ဝေဒနာဖြင့် ဝေဒနာ၊ စိတ်ဖြင့်စိတ်၊ ဒီနှစ်ခုပဲ မောင်နိုင် ပြောရအောင်ပေါ့ကွာ. . . (မှန်ပါ့) ပြောတဲ့အခါကျလို့ရှိရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘာနိဗ္ဗာန်တုံး ဆိုတော့ နိရောဓောနိဗ္ဗာနံ တဲ့ တရားက (မှန်ပါ့ဘုရား)။

ဒီတရားကလေးဟာ ဥပမာမယ် ဝေဒနာကလေး ဆိုပါတော့ မောင်နိုင်၊ ဘာဝေဒနာမဆို ဒကာ ဒကာမတွေ ထိနေတဲ့ ဝေဒနာပေါ့လေ. . . (မှန်ပါ့)။

အဲဒီ ဝေဒနာလေးဟာ ဖြစ်ပြီး ပျက်သွားတဲ့ ပင်ကို သဘောမရှိဘူးလား, ရှိသလား. . . (ရှိပါတယ်ဘုရား) ဒါ့ကြောင့် သွားလိုက် မောင်နိုင်တို့က၊ ခုနင်က မူလဘူတ သွားလိုက်၊ မူလ, ရုပ်နာမ်ဓမ္မသည် အမြဲရှိသလား. . . (မရှိပါဘုရား)။

အမြဲမရှိဘူးဆိုတော့ ဖြစ်ပြီးပျက်သွားတာ အမြဲရှိရဲ့လား. . . (မရှိပါဘုရား) ဖြစ်ပြီးပျက်တာ ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဆင်းရဲရှိတယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

## အမြဲမရှိဆင်းရဲရှိတာ ရုပ်နာမ်တို့၏အလုပ်

အမြဲကရော. . . (မရှိပါဘုရား) ဆင်းရဲရော ဟုတ်ပါရဲ့လား (ဟုတ်ပါတယ်ဘုရား) ဒါဖြင့် အမြဲမရှိ ဆင်းရဲ ရှိတာသည် ဒကာ ဒကာမတို့ ရုပ်နာမ်၏အလုပ်. . . (မှန်ပါ့) ရုပ်နာမ် ခန္ဓာတို့၏အလုပ်၊ ကောင်းကောင်းသဘောကျပလား (ကျပါပြီဘုရား)။

ရုပ်နာမ်ခန္ဓာတို့၏ အလုပ်ကတော့ ဘာတဲ့ . . . (အမြဲမရှိ ဆင်းရဲသာရှိပါတယ်ဘုရား) အမြဲမရှိ ဆင်းရဲရှိတာ ရုပ်နာမ်ဓမ္မတို့၏အလုပ်ဆိုတာ ကောင်းကောင်းကျေနပ် ပလား . . . (ကျေနပ်ပါပြီဘုရား)။

အဲဒီတော့ အမြဲမရှိတာကလေး ရှုလိုက်လို့ရှိရင်ဖြင့် ဩော်. . . ဆင်းရဲ ဒုက္ခသစ္စာဆိုတာသူပဲ. . . (မှန်ပါ့) မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

## ဒုက္ခသစ္စာကိုဉာဏ်နဲ့ကြည့်ပေးပါ

ဒါကို . . . မျက်ခြည်မပြတ် ဉာဏ်နဲ့သာ ကြည့်ပေး ပါ ခင်ဗျားတို့က . . . (မှန်ပါ့)၊ အမြဲမရှိ ဆင်းရဲရှိတယ်ဆို တာ သူပါပဲဆိုတော့ အမြဲမရှိတာကိုလည်း သိတယ်၊ ဆင်းရဲ ရှိတယ်ဆိုတဲ့ ဒုက္ခသစ္စာကိုလည်း မောင်နိုင်တို့က မသိပေဘူး လား. . . (သိပါတယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်အစတွေ့ပြီ. . .

(မှန်ပါ့) အစမတွေ့သေးဘူးလား. . . (တွေ့ပါပြီဘုရား)။

အမြဲမရှိ ဆင်းရဲရှိတယ်ဆိုတော့ ဒုက္ခသစ္စာ စ,တွေ့တာကိုး (မှန်ပါ့) သစ္စာ စ,တွေ့ကတည်းက ဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မှာ အစတော့ရှိတယ်၊ အဆုံးမရှိဘူးဆိုတဲ့ဥစ္စာ အခုပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား)။

## သစ္စာတွေ့ရင်နိဗ္ဗာန်အစတွေ့ပြီ

နိဗ္ဗာန်အစ, တွေ့ပြီး၊ သစ္စာသွားတွေ့တယ်. . . (မှန်ပါ့) မတွေ့ဘူးလား. . . (တွေ့ပါတယ်ဘုရား) ကိုစံလှ, ကျေနပ်ပလား. . . (ကျေနပ်ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်မည်မျှလောက် အရေးကြီးတယ်ဆိုတာ ကိုစောမောင်, မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား) နောက်က ဒကာ ဒကာမတွေ. . . ဒီဖြစ်ပျက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ . . . (ပေါ်ပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒီဖြစ်ပျက်ကလေးကို ဒီဝေဒနာက္ခန္ဓာကလေးဟာ မောင်နိုင် ဖြစ်ပျက်၊ ဖြစ်ပြီးပျက်နေတာပဲ၊ ဖြစ်ပြီးပျက်နေတာပဲလို့ ခန္ဓာစိုက်ပြီးသကာလ ရှုရင်း, ရှုရင်းနဲ့ တစ်ခါတည်း ရှုရင်း, ရှုရင်းနဲ့ ဒုက္ခသစ္စာ တွေ့ တွေ့ပြီးသကာလ . . . နေရင်းနဲ့ပဲ နောက်ဆုံးပိတ် တစ်နေ့

ကျတော့ သူဘယ့်နှယ့်ဖြစ်သွားသတုံး. . . ဆိုတော့ ဒီခန္ဓာ သည် ခုနင်က ဉာဏ်ခရီးအတိုင်းပေါ့ မောင်နိုင်ရာ (မှန်ပါ့)။

## ဖြစ်ပျက်ဒုက္ခသစ္စာမုန်းလာမယ်

ပထမ ဒုက္ခသစ္စာတွေ့တယ်၊ နောက် ဒုက္ခသစ္စာ မုန်း တယ်၊ ဖြစ်ပျက် မုန်းလာဦးမယ် မဟုတ်လား. . . (မှန်ပါ့) ဘာမုန်းတာတုံး . . . (ဒုက္ခမုန်းတာပါဘုရား)။

ကိုစောမောင်, ဘာမုန်းတာတုံး. . . (ဒုက္ခမုန်းတာ ပါဘုရား) ဖြစ်ပျက်ဒုက္ခသစ္စာမဟုတ်လား. . . (မှန်ပါ့) သူ့ကို မုန်းလာတာမဟုတ်လား. . . (မှန်ပါ့)။

အဲ. . . သူ့မုန်းလာတဲ့ အချိန်ကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ ဆက်လက်ရှုပါ၊ ဆက်လက်ရှုပါလို့ ဆရာ ဘုန်းကြီးက တိုက်တွန်းလေ့ မရှိဘူးလား. . . (ရှိပါတယ် ဘုရား)။

အဲ. . . တိုက်တွန်းလေ့ရှိတဲ့ အတိုင်း ခင်ဗျားတို့က ရှုတဲ့အခါကျတော့ မုန်းတဲ့ ပုဂ္ဂိုလ်ကို မပေါင်းချင်၊ ကွာချင်၊ ရှင်းချင်၊ မမြင်ချင်၊ မကြားချင်ဆိုတာ လာတော့တယ်. . . (လာမှာပါ) လာရမလား မလာရဘူးလား. . . (လာရမှာပါ ဘုရား)။

## မလိုချင်လို့ခန္ဓာချုပ်သွားရင်နိဗ္ဗာန်

လာရတဲ့အခါကျတော့ ဒီခန္ဓာ ဝေဒနာက္ခန္ဓာကြီးဟာ ကဲ. . . မင်းကိုမလိုချင်တော့ပါဘူးဆိုတော့ မိမိခန္ဓာကြီးကို ဒုက္ခသစ္စာမှန်းသိလို့ မလိုချင်တော့ဘူး. . . (မှန်ပါ့) မလိုချင်တဲ့အခါကျတော့ ဒီခန္ဓာ ဘာဖြစ်သွားမလဲ. . . (ချုပ်သွားပါမယ်ဘုရား) ဒါဖြင့် နိရောဓော ဘာခေါ်ကြမလဲ. . . (နိဗ္ဗာန်ပါဘုရား)။

ဒါ. . . အစရှိလို့ ဒကာ ဒကာမတို့ အစက လိုက်သွားလို့တွေ့တာ. . . (မှန်ပါ့) ကိုစံလှ, ဘယ်ကလိုက်သွားလို့တုံး. . . (အစက လိုက်သွားလို့ပါဘုရား)။

အစက လိုက်သွားလို့တွေ့တာနော်. . . (မှန်ပါ့) အစကသာမလိုက်ဘူးဆိုရင် ဒီ ဒကာဒကာမတွေ ဘယ်မှာ နိဗ္ဗာန်တွေ့မလဲ (မတွေ့ပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်တွေ့ချင်ရင် သစ္စာကစ

ဒါဖြင့် နိဗ္ဗာန်တွေ့ချင်ရင် ဘယ်ကနေ စ,ပြီးလိုက်ရမလဲ. . . (အစကနေပြီးလိုက်ရပါမယ်ဘုရား) သစ္စာက စ, လိုက်ရမယ်. . . (မှန်ပါ့)။

ဖြစ်ပျက်ဒုက္ခသစ္စာကနေပြီး စ,လိုက်လို့ရှိရင်ဖြင့် ဖြစ်ပျက်မှုန်းလို့ ဖြစ်ပျက်ဆုံးတဲ့အခါကျလို့ရှိရင်ဖြင့် တရား စ, တာ၊ အစကပြောခဲ့တဲ့ ရုပ်နာမ်ခန္ဓာတို့မှာ အမြဲ ဘာတုံး (အမြဲမရှိ ဆင်းရဲရှိပါတယ်ဘုရား)။

ရုပ်နာမ်ခန္ဓာ အမြဲလည်းမရှိတဲ့တရား၊ ဆင်းရဲလည်း ရှိတဲ့တရား ပျောက်ထွက်သွားတယ်. . . (မှန်ပါ့) မပျောက် သေးဘူးလား. . . (ပျောက်ပါတယ်ဘုရား)။

အဲဒီ အမြဲမရှိတဲ့ တရားဆိုတော့ အနိစ္စလည်း ပျောက်ထွက်သွားတယ်. . . (မှန်ပါ့) ဆင်းရဲလည်းရှိတယ် ဆိုတော့ ဆင်းရဲဆိုတာ ဒီရုပ်နာမ်ပဲခေါ်တာ. . . (မှန်ပါ့) ရှာတွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အမြဲမရှိ, ဆင်းရဲရှိတဲ့ တရား ကို မဂ်ဉာဏ်နဲ့ မလိုချင်တဲ့အခါကျတော့ ဘာဖြစ်သွား သတုံး (ချုပ်ပျောက်သွားပါတယ်) ချုပ်ပျောက်ဆုံး မသွားဘူး လား. . . (ဆုံးသွားပါတယ်ဘုရား)။

## ရှင်အာနန္ဒာကို သေသေချာချာဟောတယ်

အဲဒါ နိဗ္ဗာန်ဟေ့ . . . လို့ ရှင်အာနန္ဒာကို သေသေ ချာချာ ဟောတယ်. . . (မှန်ပါ့) ကိုစံလှ ကောင်းကောင်း ခကျနပ်ပလား (ကျေနပ်ပါပြီဘုရား)။

ဒကာ ဒကာမတို့ ဒီနေ့တရားဟာ သိပ်လွယ်တဲ့ တရားလို့အောက်မေ့မနေနဲ့. . . (မှန်ပါ့) ခုနင်က လေးချက်ကိုလည်း သဘောကျဦးမှ ဒါမှ ဒီအဖြေဟာ အမှန်ထွက်လာတယ်ဆိုတာ ကောင်းကောင်း သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် အမြဲမရှိ၊ ဆင်းရဲရှိတဲ့တရားဘာဖြစ်သွားသတုံး (ချုပ်ပျောက်သွားပါတယ်ဘုရား) အဲဒါ ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါဘုရား)။

အမြဲမရှိ၊ ဆင်းရဲရှိတဲ့တရား ချုပ်သွားတော့ ဩော် . . . အမြဲရှိတဲ့ ချမ်းသာပေါ်လာတယ်. . . (မှန်ပါ့)။

ဒီစကားပြန်ဟပ်လိုက် ကိုစောမောင်. . . (မှန်ပါ့) နိဗ္ဗာန်မှာ ဘယ်သဘောရှိသတုံး . . . (ဆင်းရဲမရှိ အမြဲရှိပါတယ်) ဆင်းရဲမရှိ အမြဲရှိ၊ ဆိုကတည်းက ဆင်းရဲလည်း ပျောက်သွားပြီ . . . (ပျောက်သွားပါပြီ) နိဗ္ဗာန်ကလည်း ပေါ်မလာဘူးလား . . . (ပေါ်လာပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ ဩော်. . . နိဗ္ဗာန်မှာ အစရှိတယ်၊ အဆုံးမရှိဘူးဆိုတဲ့ဥစ္စာသည် တစ်ခါတည်း ဒုက္ခနယ်သိမ်းသွားတဲ့အခါကျတော့ သုခနယ် ဘယ်လောက်ကျယ်သတုံး. . . မေးရင် မဆုံးနိုင်ပါဘူး . . . (မှန်ပါ့) ပြောဖို့မသင့်ဘူးလား . . . (သင့်ပါတယ်ဘုရား)။

## ဒိလိုလိုက်ရင် ဒိနေရာဆိုက်ရမယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဒီအတိုင်း လိုက်ရလိမ့်မယ် (မှန်ပါ့) ဒါကြောင့် ခင်ဗျားတို့ကို နည်းပေးထားတာသည် အင်မတန် ပါဠိတော်ကြီး၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်က ဤလို လိုက်, လိုက်လို့ရှိရင် ဤနေရာဆိုက်ရ မယ် ဆိုတဲ့ ဥစ္စာ ကိုစောမောင်, သေသေချာချာ ဟောထား တယ်. . . (မှန်ပါ့) အားငယ်စရာများ ရှိရဲ့လား. . . (မရှိ ပါဘုရား)။

## ဒီလမ်းအတိုင်းသာလိုက်ပါ၊ ရောက်ရမယ်

ဒါဖြင့် ဖြစ်ပျက်တွေ့တဲ့ ပုဂ္ဂိုလ်ဟာ ဒကာဒကာမတွေ သစ္စာတွေ့တဲ့အတွက် နိဗ္ဗာန်အစတွေ့ပြီ. . . (မှန်ပါ့) ဆက် လိုက်သွားလို့ မုန်းတဲ့ဆီလည်းရောက်မယ်၊ ဆုံးတဲ့ဆီလည်း ရောက်မယ်ဆိုရင်ဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဆင်းရဲ မရှိ အမြဲရှိတဲ့နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ့) မရောက်ပါနဲ့ ဆိုလို့ . . . (မရပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ကို သင်ထားတဲ့ ၁, ၂, ၃ဆို တဲ့ ဉာဏ်စဉ်ဟာ သဘောပါပလား. . . (ပါ, ပါပြီဘုရား) ဒီကလာတယ်ဆိုတာရော . . . (သေချာပါပြီဘုရား)။

ဩော်. . . တို့သည်ကား. . . လို့ဆိုလို့ရှိရင် သံသရာရော နိဗ္ဗာန်ရော အကုန်ရှင်းသွားလို့ရှိရင် ဒီလမ်းအတိုင်းသာလိုက်တော့ (မှန်ပ့ါ) ဘာမှ ရှေ့စရာမလိုဘူး၊ မရောက်မရှိဘူးဆိုတာကို ဘုန်းကြီးများက တာဝန်ခံပါတယ် . . . (မှန်ပ့ါ) သဘောပါပလား (ပါ, ပါပြီဘုရား)။

တဲ . . . ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။